ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (1-12-2010) (၆၅၉၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သစ် တည်ဆောက်ရေးတာဝန်ကြီးကို အစိုးရ၊ ပြည်သူနှင့် တပ်မတော် လက်တွဲ၍ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ ဂုဏ်ယူထိုက်သော သမိုင်းမှတ်တိုင်ကြီးဖြစ် နိုင်ငံတော်အာဏာကို ပြည်သူ့ထံသို့ ပြန်လည်အပ်နှင်းရေးအတွက် လုပ်ငန်းစဉ်နှစ်ရပ်ကို ဖော်ဆောင်ရန် ပြင်ဆင်လျက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာ

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား -

ယနေ့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ကမ္ပည်းမော်ကွန်းတင်ခဲ့သည့် (၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ဖြစ်ပါသည်။ ဤကဲ့သို့သော နေ့ထူးနေ့မြတ်တွင် တိုင်းရင်းသားပြည်သူအပေါင်း သုခအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ချစ်ကြည်ရင်းနှီးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် အမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးပြီး ဇာတိမာန်ထက်သန်ကြသူများ ဖြစ်ပါသည်။ ကိုယ်ထူးကိုယ်ချွန် ရပ်တည်နိုင်စွမ်းရှိကြသူများလည်း ဖြစ်ပါသည်။ ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသား သွေးစည်းညီညွတ်မှုဖြင့် ပြန်လည်ရယူနိုင်ခဲ့သော သမိုင်းအစဉ်အလာရှိကြသူများလည်း ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒွိတာဝန်အရေးသုံးပါးသည် သမိုင်းကပေးသော အမျိုးသားရေးတာဝန်ဖြစ်ပေသည်။ ယခုအခါ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ ချေးငွေထုတ်ချေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Jiang Chao Liang အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Jiang Chao Liang အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ The Mirror

၁-၁၂-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

အမျိုးသားရေး၏ မီးရှူးတန်ဆောင်

၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံအား ကျူးကျော်စစ်ပြုပြီး စိုးမိုးထားချိန်တွင် ပထမဆုံး အမျိုးသားရေးလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာခဲ့သောနေ့ ဖြစ်သည်။ မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော အမျိုးသားရေးစိတ်ဓာတ်အပေါ် တစ်ဖက်သတ် ဖိနှိပ်ထားခဲ့ရာမှ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် အစပျိုးပေးခဲ့သောကြောင့် အမျိုးသားနေ့ဟူ၍ ဂုဏ်ပြုမှတ်တမ်းတင်ထားခြင်းဖြစ်သည်။

အမျိုးသားနေ့ အတိတ်သမိုင်းကို ဆန်းစစ်ကြည့်လျှင် လွန်ခဲ့သောနှစ်ပေါင်း(၉၀)ကျော်ကာလ၊ နယ်ချဲ့တို့၏ ကိုလိုနီပညာရေးဥပဒေကို ကန့်ကွက်ခဲ့ရာမှ အစပြုသည်။ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို အထောက်အကူဖြစ်စေမည့် ရန်ကုန်တက္ကသိုလ်ဥပဒေကို ၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

ယင်းဥပဒေသည် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ယူခွင့်ကို ချုပ်ချယ်ကန့်သတ်ထားသည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး လက်ဝါးကြီးအုပ် ကျွန်ပြုစိုးမိုးရေးကို ရည်ရွယ်ဖန်တီးထားသည်။ ကိုလိုနီအုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေး ရည်ရွယ်ထားသဖြင့် အမျိုးသားရေးစိတ်ဓာတ် မြင့်မားသည့် မျိုးချစ်လူငယ်များက အဆိုပါကိုလိုနီပညာရေးဥပဒေကို ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။

နယ်ချဲ့အစိုးရကို ဆန့်ကျင်၍ တိုးတက်ကောင်းမွန်သော ပညာရေးစနစ်ကိုတောင်းဆိုသည့် အမျိုးသားရေး လှုပ်ရှားမှုကြီးကို ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် စတင်ခဲ့ကြသည်။ ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်ရုံသာမက နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုကိုပါ စိန်ခေါ်တွန်းလှန်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားကျောင်းများမှ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နိုးကြားသော လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။

မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် အမျိုးသားနေ့ မီးရှူးတန်ဆောင်သည် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ရယူနိုင်သည်အထိ ထွန်းလင်းတောက်ပ လမ်းပြပေးနိုင်ခဲ့သည်။ ကမ္ဘာ့အလယ်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသည့် လူမျိုးအဖြစ် ဂုဏ်တင့်ဝင့်ထည် ရပ်တည်နိုင်နေပြီ။ ဇာတိသွေး၊ ဇာတိမာန် တက်ကြွရှင်သန် နိုးကြားစေသည့် အမျိုးသားနေ့၏ ဂုဏ်ဒြပ်သည် မြန်မာ့သမိုင်းတွင် ထာဝစဉ် မော်ကွန်းတင်နေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောင်ပွဲရ တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းနှင့် ဝူရှူးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၃၀

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပထမ တံခွန်စိုက်ဗိုင်းဆုရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းနှင့် ဝူရှူးပြိုင်ပွဲ၌ ပထမဗိုင်းဆု ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ဝူရှူးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး (အပေါ်ပုံ) **တံခွန်စိုက်ဗိုင်းဆုများ လက်ခံကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။**

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အမျိုးသမီးဘောလုံးအသင်းနှင့် ဝူရှူးအသင်းတို့မှ အုပ်ချုပ်သူနှင့် နည်းပြတို့က တံခွန်စိုက်ဗိုင်းဆုများ အပ်နှံကြရာ တိုင်းမှူးက လက်ခံသည်။

ယင်းနောက် တိုင်းမှူးက အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရ တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများအား ငွေသားဆုများ ပေးအပ်သည်။

ဆက်လက်၍ ပထမဗိုင်းဆုရရှိခဲ့သော ဝူရှူးအသင်းအား ငွေသားဆု၊ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်နှင့် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးဆုရရှိကြသူများအား ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် အမျိုးသမီးဘောလုံးအသင်းအား တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်နှင့် အလှူရှင်တို့က အလှူငွေများ အသီးသီးပေးအပ်ကြရာ တာဝန်ရှိသူတို့က လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့်မိသားစုက အသစ်တည်ဆောက်မည့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၂၅၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၃၀

WISE International School for Executives က ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း (Certificate in Financial Management) ကို ဒီဇင်ဘာ ၄ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

မိမိလုပ်ငန်း၏ ငွေကြေးဆိုင်ရာ အခြေအနေကို သိရှိနားလည်၍ လက်ရှိငွေကြေးအခြေအနေကို မှန်ကန်စွာ သုံးသပ်တတ်စေရန်၊ လုပ်ငန်းနှင့် အသင့်လျော်ဆုံးဖြစ်သည့် အခြေအမြစ်နည်းလမ်းများကို ရှာဖွေနိုင်ရန်၊ လုပ်ငန်းအသစ်၊ Project အသစ်များပြုလုပ်သည့်အခါ လိုအပ်သည့်လေ့လာဆန်းစစ်မှုများဖြင့် ကြိုတင်မှန်းဆ တွက်ချက်တတ်စေရန်၊ စီးပွားရေးလုပ်ငန်းနှင့် ကင်းကွာ၍ မရသည့် ရရန်ကြွေး၊ ပေးရန်ကြွေးများကို မှန်ကန်သည့် နည်းလမ်းများဖြင့် ထိန်းချုပ် ဆောင်ရွက်တတ်စေရန်၊ (Cash Budget/Cash Flow/Fund Flow) ဘဏ္ဍာရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန်၊ (Capital Budgeting Technique) ရင်းနှီးမြှုပ်နှံမှုများကို မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းသို့ Owner များ၊ မန်နေဂျာများ၊ စာရင်းစစ် စာရင်းကိုင်များ၊ Finance Officer များ၊ လုပ်ငန်းခွင်ဝင်မည့်သူများ၊ ငွေကြေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူများ တက်ရောက်သင့်ပြီး သင်တန်းတက်သူများ (Accounting Knowledge) ရှိရန်မလိုဟု သိရသည်။ နိုင်ငံတကာသင်ရိုးညွှန်းတမ်းများကို အသုံးပြု၍ အတွေ့အကြုံရှိ ဘွဲ့ရဝါရင့် ဆရာမကြီးများက သင်ကြားဆွေးနွေးသွားမည်။

သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်၍ Member များအား သင်တန်းကြေး ၄၀ ရာခိုင်နှုန်းလျှော့၍ ခံစားခွင့်ပေးမည်ဖြစ်သည်။

ဒီဇင်ဘာ ၄ ရက်မှစ၍ စနေ၊ တနင်္ဂနွေ ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ နာရီ ၂၀ သင်ကြားပေးမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် WISE International School for Executives ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

Member တွင် အသင်းဝင်လိုသူများသည် WISE International School for Executives တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက် ဆိပ်ကမ်းသာလမ်းနေ ကွယ်လွန်သူဖခင်ဦးကျော်ရှိန်နှင့်မိခင်ဒေါ်ပုခင်၊ အစ်ကို ကိုသိန်းအောင်တို့အား ရည်စူး၍ ဦးစိန်မြင့်-ဒေါ်ဝင်းကြည်မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အဆောက်အအုံပဒေသာပင်တို့အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ပါမောက္ခချုပ် ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြောက်ဥက္ကလာပ အထက(၄)စံပြ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)စံပြ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ဂါရဝပြုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၃၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၄၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၁၃၉)လမ်းထောင့် Central Tower ပထမထပ်ရှိ Swe Sone Media Group က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ရန်ကုန်-ကူမင်း အမြန်ရထားလမ်းကို ရှေ့လတွင် တရုတ်နိုင်ငံက စတင် အကောင်အထည်ဖော်တော့မည်၊ ပြည်ပဆရာဝန်များ ရှုံးထိုင်ကုသမည့် ပုဂ္ဂလိကဆေးရုံသစ်ကြီး ရှေ့လတွင် ဖွင့်မည်၊ ငွေဆောင်ကမ်းခြေ၌ လူမျက်နှာပုံ တောင်ကုန်းတွေ့ရှိ၊ သန်လျင်တွင် လူနေတိုက်ခန်း ၆၀၀၀ ကျော် ပါဝင်သော အိမ်ရာစီမံကိန်း အကောင်အထည်ဖော်မည်၊ GSM ဖုန်းများ အာဆီယံဒေသတွင်း အပြန်အလှန်သယ်ဆောင်အသုံးပြုနိုင်ရန် စတင်ဆွေးနွေး၊ သယ်န်းကျွန်းဈေးကြီး ခေတ်မီမီးသတ်စနစ်ပါ ပထမဆုံး အဆင့်မြင့်ဈေးဖြစ်လာမည်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနား တက်ရောက်ရန် ရန်ကုန်မှ နေပြည်တော်သို့ ဘီးတပ်ကုလားထိုင်ဖြင့် သွားရောက်၊ ၁၂ ရာသီအဟောနှင့် လိုက်ဖက်သည့် အသုံးအဆောင် ဒီဇိုင်းပြပွဲကြီးပြသမည်၊ GSM နှင့် CDMA ဖုန်းလိုင်း လေးသိန်းကျော် ထပ်မံချထားပေးရန်စီစဉ်၊ ဆွစ်ဇာလန်နိုင်ငံသားများ မြန်မာ့အထင်ကရ နေရာများတွင် မီးပုံးပျံခုနစ်လုံးဖြင့် လေ့လာမည်၊ ရန်ကုန်မြို့တွင် အနည်းဆုံးကျပ်သိန်း ၂၀ ခန့်ရှိ တန်ဖိုးနည်းတိုက်ခန်းများကို ရှေ့နှစ်တွင် တည်ဆောက်မည်၊ မြန်မာနိုင်ငံတွင် ပြည်ပလေယာဉ်မောင်းသင်တန်းကျောင်းခွဲ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းနေ၊ သုဝဏ္ဏဘောလုံးကွင်းအဆင့်မြင့်ရာတွင် မိုးလုံလေလုံ ဖူဆယ်ကွင်းသုံးကွင်း ထည့်သွင်းတည်ဆောက်မည်၊ ဂီရိရန်ပုံငွေဖျော်ဖြေပွဲကြီး ကျင်းပမည်၊ ဆီဖြည့်စက်ခြောက်လုံးရှိသော ရန်ကုန်မြို့၏ အကြီးဆုံး ပုဂ္ဂလိကစက်သုံးဆီဆိုင် မကြာမီဖွင့်လှစ်တော့မည်၊ ယာဉ်တိမ်းမှောက်၍ မိသားစုလေးဦးစလုံး သေဆုံးရရှာ၊ မြန်မာအပါအဝင် ၁၃ နိုင်ငံ၏ ကျားထိန်းသိမ်းရေးအတွက် ကမ္ဘာကျော်ဟောလိဝုဒ်မင်းသား လီယိုနာဒိုဒီကာပရီယို ဒေါ်လာတစ်သန်းလှူဒါန်း၊ သမုဒ္ဒရာအတွင်း လှေငယ်ဖြင့် ရက် ၅၀ ကြာ လွင့်မျောခဲ့သည့် လူငယ်သုံးဦး စင်ရော်နှင့် ငါးတို့ကို အစိမ်းလိုက်စား၍ အသက်ရှင်ခဲ့ကြ၊ ပလတ်စတစ် အလှမယ်ရွေးပွဲကျင်းပ၊ အလွန်ထူးဆန်းသော နဂါးငွေ့တန်း အမြွာပူးတွေ့ရှိ၊ ကမ္ဘောဒီးယား သင်္ကြန်မှာပွဲလန့်ရာ လူ ၄၅၆ ဦး သေဆုံးရပြီးနောက်. . . နိုင်ငံပေါင်း ၁၃၉ နိုင်ငံသို့ မိုင်ပေါင်း ၁၅ သန်းအထိ ခရီးထွက်ခဲ့သူ၊ ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် နယူးဇီလန်မိုင်းတွင်း ပိတ်မိနေကြသော လူ ၂၉ ဦးသေဆုံး၊ တောင်နှင့်မြောက်ကိုရီးယားတို့၏ စစ်ရေးနောက်ဆုံးအခြေအနေ၊ တြိဂံပုံဦးခေါင်းရှိသည့် ကလေးငယ်ကိုအောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့၊ အမေရိကန်သမ္မတ အိုဘားမား ဘတ်စကက်ဘောပြိုင်ပွဲ၌ ဒဏ်ရာရပြီး ၁၂ချက်ချုပ်ခဲ့ရ"စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် "ကိုရီးယားသရုပ်ဆောင်ဂျူမုံနှင့် လီဟားနားတို့ ရန်ကုန်မြို့သို့ရောက်ရှိစဉ် မြင်ကွင်းစုံ" အပါအဝင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ယခုအခါ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိ

☆ **ရွှေ့ဖုံးမှ**

ပေါ်ထွန်းလာရေးအတွက် လက်တွဲညီညီ ကြိုးပမ်းအားထုတ်လျက် ရှိကြပေသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အခွန့်ရှည်ခိုင်မာစွာ ကျင့်သုံးနိုင်ရေးအတွက် မြန်မာ့သမိုင်းနောက်ခံနှင့် လျော်ညီပြီး ဒို့တာဝန် အရေးသုံးပါးကို အကြွင်းမဲ့ကာကွယ်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ် ဖြစ်ပေါ်လာရေးသည် နိုင်ငံသားတိုင်း၏ အဓိကတာဝန်ဖြစ်ပါသည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် လူထုလူတန်းစား အလွှာအသီးသီးနှင့် တိုင်းရင်းသားအားလုံး၏ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပါသည်။ သို့ရာတွင် အမျိုးသားညီလာခံကြီးသည် အခက်အခဲ အနှောင့်အယှက်များကြောင့် ၁၉၉၆ ခုနှစ်၌ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရပါသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့သည် တစ်ဖက်က ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးကို အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိသည့်နည်းတူ အခြားတစ်ဖက်ကလည်း ဒီမိုကရေစီစနစ်ကို စစ်မှန်စွာ ကျင့်သုံးရာတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်များဖြစ်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ စားဝတ်နေမှုဖူလုံရေး၊ ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားရေးတို့ကို အရှိန်အဟုန် ကြီးမားစွာဖြင့် ကြိုးပမ်းခဲ့ပေသည်။ ထိုသို့ အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သည့်အတွက် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်သော အခြေအနေအရပ်ရပ်ကို ဘက်စုံကဏ္ဍစုံတွင် ရရှိခဲ့ပေသည်။

ထိုသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်မပြတ် ဆက်လက်ဆောင်ရွက်လျက် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကြေညာကာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် **ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း** ဟူသော **ပဥ္စမအဆင့်**ကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က မှန်မှန်ကန်ကန် ကျင်းပပေးပြီး ဖြစ်ပေသည်။ ထို့ကြောင့် **ဆဋ္ဌမအဆင့်ဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့် သတ္တမအဆင့်ဖြစ်သည့် လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲ၊ လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်း** စသည်တို့ကို ဆက်လက်အကောင်အထည်ဖော်ရန်သာ ကျန်ရှိတော့ပေသည်။

ယခုကဲ့သို့ နိုင်ငံတော်သစ် တည်ဆောက်ရေးတာဝန်ကြီးကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲ၍ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ဂုဏ်ယူထိုက်သော သမိုင်းမှတ်တိုင်ကြီး ဖြစ်ပေသည်။

ယခုအခါတွင် နိုင်ငံတော်အာဏာကို ပြည်သူ့ထံသို့ ပြန်လည် အပ်နှင်းရေးအတွက် ကျန်ရှိနေသေးသော လုပ်ငန်းစဉ်နှစ်ရပ်ကို ဖော်ဆောင်ရန် ပြင်ဆင်လျက်ရှိပေသည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးသည် (၉၀) ပြည့်နှစ်မြောက် အမျိုးသားရေးဦးတည်ချက်များဖြစ်သော-

(၁) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး

(၂) အမျိုးသားပညာရည်မြင့်မားရေး

(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

(၄) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး

တို့အတွက် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဆက်လက်အကောင်အထည်ဖော်ရန် ဤအမျိုးသားနေ့တွင် သန္နိဋ္ဌာန်ပြုကြပါစို့ဟု လေးနက်စွာ ပန်ကြားအပ်ပါသည်။

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၃)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၃)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ (၁၂၃)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြဆွေးနွေးကြပြီး နိုင်ငံတော်ပိုင် ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှု ဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးရေးအတွက် အရေးပါသော ငွေရေးကြေးရေးကဏ္ဍကို ဦးဆောင်ဦးရွက်ပြုနိုင်သော အသင်းကြီးအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းကြရေး၊ ဘဏ်များအားလုံးသည် ပြည်သူလူထု၏ စီးပွားဖွံ့ဖြိုးမှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန်အတွက် စိတ်စေတနာကောင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍက ပံ့ပိုးဆောင်ရွက်သွားရေး အကျယ်တဝင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ ပွဲစဉ်အားလုံးကို ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ အိုလံပစ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ဦးကျော်ကျော်စိုး၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြိုင်ပွဲဝင်မည့် ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး၊ တိုင်းတပ်မဌာနချုပ်များမှ အသင်းပေါင်း ၁၄ သင်း၊ အားကစားသမားပေါင်း ၁၄၈ ဦးတို့က အိုလံပစ်ကော်မတီ အတွင်းရေးမှူးကို အလေးပြုကြပြီး အားကစားသစ္စာ အဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြသည်။

ထို့နောက် ပြိုင်ပွဲကို သက်ငယ်တန်း ဝိတ်တန်းအလိုက် ပွဲစဉ် ခုနစ်ပွဲ၊ အမျိုးသမီး ပွဲစဉ် နှစ်ပွဲ၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် အမျိုးသားပွဲစဉ် ရှစ်ပွဲ၊ အမျိုးသား အလွတ်တန်း ပွဲစဉ်နှစ်ပွဲ စုစုပေါင်း ပွဲစဉ် ၁၉ ပွဲဖြင့် ကျင်းပသည်။ ဆက်လက်၍ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲများကို ဒီဇင်ဘာ ၂ ရက်အထိ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နိုင်ငံကျော် အနုပညာရှင်များပါဝင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပွဲစဉ်အားလုံးကို ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (လက်ဝှေ့အဖွဲ့ချုပ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ "ငှက်တစ်သောင်း"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅ ၄။ အမျိုးသားနေ့တေးများ
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၅ ၆။ သီချင်းကြီးပဒေသာ
၄း၅၀ ၇။ ကမ္ဘာ့ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးနေ့တေးများ
၅း၀၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၁၅ ၉။ "ရင်ခုန်စောင့်စား ၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်များ"
၅း၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆း၃၅ ၁၄။ "ရွှေရင်ခုန်သံ"
၇း၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၃၀ ၁၆။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက် ရေးနေ့
၇း၃၅ ၁၇။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ (အပိုင်း-၂)
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၁၄)
၂၃။ "ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ"
၂၄။ "မြတ်မျိုးမြင့်မှန်" (ပြေတီဦး၊ မေစန္ဒာစိုးညွန့်) (ဒါရိုက်တာ-ဟန်မြင့်)
၂၅။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမက(၁၁) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေကျပ်နှစ်သိန်းကို နိုဝင်ဘာ ၂၇ရက်က မြောက်ဥက္ကလာပ (၈)ရပ်ကွက် မေဓာဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်နှင့် မဂျူးဂျူးခင် (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေး မိသားစု)က ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးရီထံ ပေးအပ်လှူဒါန်းစဉ်။ (၆၇)

အီရန် နျူကလီးယားအရေးဆွေးနွေးပွဲ ဂျီနီဗာမြို့၌ လာမည့်သီတင်းပတ်တွင် စတင်မည်

ဘရပ်ဆဲလ် နိုဝင်ဘာ ၃၀

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ ယင်းနိုင်ငံနှင့် ဥရောပနိုင်ငံများအကြား တွေ့ဆုံဆွေးနွေးပွဲများကို လာမည့်သီတင်း ပတ်အတွင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လပေါင်းများစွာကြာမျှ အပြန်အလှန်အတင်းအလျှော့များ ပြုလုပ်ခဲ့ပြီးနောက် အီရန်နှင့် အနောက်အင်အားကြီးနိုင်ငံများအကြား နျူကလီးယားပြဿနာဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့၏ သံတမန်ရေးရာဆိုင်ရာ အကြီးအကဲ ကတ်သရင်းအက်ရှ်တန်က အင်္ဂါနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားစေ့စပ်ညှိနှိုင်းရေးဆိုင်ရာ အကြီးအကဲ ဆာအစ်ဒ်ဂျာလ်လီသည် အက်ရှ်တန်ဦးဆောင်သော နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်သည် အရပ်ဘက်စီမံကိန်း မျက်နှာဖုံးအုပ်ထားသော စစ်ရေးစီမံကိန်းတစ်ရပ်ဖြစ်သည်ဟူသော အနောက်နိုင်ငံများ၏ စိုးရိမ်ပူပန်မှုများကို လျှော့ပါးစေရန် အဆိုပါ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။အင်္ဂလိပ်လူမျိုး အက်ရှ်တန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ နှင့် ဂျာမနီနိုင်ငံတို့ပါဝင်သော ၅+၁ အုပ်စုခေါ် အင်အားကြီးခြောက်နိုင်ငံအဖွဲ့ကို ဦးဆောင်၍အီရန်နျူကလီးယား စေ့စပ်ညှိနှိုင်းရေးမှူး ဆာအစ်ဒ်ဂျာလီလီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ **အေအက်ဖ်ပီ။**

မော်ဆက်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲသစ် အစ္စရေးအစိုးရခန့်အပ်

ဂျေရုဆလင် နိုဝင်ဘာ ၃၀

အစ္စရေးနိုင်ငံ၏ ကမ္ဘာကျော်ထောက်လှမ်းရေးအဖွဲ့ဖြစ်သော မော်ဆက်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲအဖြစ် ယင်းထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်းတစ်ဦးကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက နိုဝင်ဘာ ၂၉ ရက်တွင် ခန့်အပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မော်ဆက်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲသစ်အဖြစ် ခန့်အပ်ခံရသော တာမီယာပါဒိုသည် ၎င်းတာဝန်ထမ်းဆောင်ခဲ့ရသော လုပ်ငန်းသဘာဝအလျောက် အစ္စရေးပြည်သူများအကြား ထင်ရှားခြင်း မရှိခဲ့ပေ။

မော်ဆက်အကြီးအကဲအဖြစ် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အငြင်းပွားဖွယ်ပြဿနာများကြောင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက နုတ်ထွက်သွားသော မော်ဆက်အကြီးအကဲ အက်ဟောင်းမီရာဒါဂန်၏ နေရာတွင် ပါဒိုကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ပါဒိုသည် မော်ဆက်ထောက်လှမ်းရေးအဖွဲ့ ထိပ်တန်းရာထူးများတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်း၏ နောက်ဆုံးရာထူးအဆင့်မှာ မော်ဆက်အဖွဲ့၏ လက်ထောက်အကြီးအကဲဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး ကြေညာချက်တွင် ဖော်ပြသည်။ **အေအက်ဖ်ပီ။**

မော်ဆက်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲသစ် တာမီယာပါဒို။

လက်နက်တပ်ဆင်မှု ပြိုင်ပွဲတစ်ရပ် ထပ်ဖြစ်လာမည့်အရေး ရုရှားသမ္မတသတိပေး

မော်စကို နိုဝင်ဘာ ၃၀

ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ရပ် တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရုရှားနှင့် အနောက်အုပ်စုနိုင်ငံများက အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် လာမည့် ဆယ်စုနှစ်အတွင်း လက်နက်တပ်ဆင်မှု ပြိုင်ပွဲတစ်ရပ် အစပျိုးလာမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်က ယနေ့ ပြောကြားသည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီး နောက်ပိုင်းစတင်ခဲ့သော အမေရိကန် ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်တင်သွားရန် သမ္မတမက်ဗီဒက်ဗ်က နိုင်ငံတော်အခြေပြ နှစ်စဉ် မိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

အနောက်အုပ်စု၏ ဒုံးကျည်ကာကွယ်ရေးစနစ် ပူးပေါင်းတည်ဆောက်ရေး အဆိုပြုချက်နှင့်ပတ်သက်၍ ခိုင်မာသော သဘောတူညီချက် မရရှိခဲ့ပါက ရုရှားနိုင်ငံသည် ၎င်း၏ လက်နက်တိုက်ကို မြှင့်တင်ဖြည့်ဆည်းရမည့်အခြေသို့ ဆိုက်ရောက်သွားလိမ့်မည်ဖြစ်ကြောင်း မက်ဗီဒက်ဗ်က ပြောကြားသည်။

လာမည့် ဆယ်စုနှစ်အတွင်း ဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်ရေးသဘောတူညီချက်ကိုရယူ၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်သို့မဟုတ် လက်နက်တပ်ဆင်မှု ပြိုင်ပွဲတစ်ရပ် စတင်ရမည်ဟူသော ဒွိဟပြဿနာများကို မိမိတို့ရင်ဆိုင်ရမည်ဖြစ်ကြောင်း မက်ဗီဒက်ဗ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်ရေတပ် ကမ်းတက်စစ်ရေယာဉ် USS Ashland။

အမေရိကန်ရေတပ်သင်္ဘောတိုက်ခိုက်ခံရမှု ဆိုမာလီတစ်ဦးကို ထောင်ဒဏ်နှစ် ၃၀ ချမှတ်

ဗာဂျီးနီးယား နိုဝင်ဘာ ၃၀

အာဖရိကပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ အမေရိကန်ရေတပ်သင်္ဘောတစ်စင်း တိုက်ခိုက်ခံရမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ဖြောင့်ချက်ပေးခဲ့သူ ဆိုမာလီအမျိုးသားတစ်ဦးကို ထောင်ဒဏ်အနှစ် ၃၀ ကျခံရန် အမေရိကန်နိုင်ငံရှိ တရားရုံးတစ်ရုံးက နိုဝင်ဘာ ၃၀ရက်တွင် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း တရားရေးရပ်ကွက်က ပြောကြားသည်။

အဆိုပါ ဆိုမာလီအမျိုးသားမှာ ဂျမားအိုင်ဒယ်လ် အီဘရာဟမ်ဆိုသူဖြစ်ပြီး လုယက်မှုကျူးလွန်ရန် စစ်သင်္ဘောအား တိုက်ခိုက်မှု၊ စစ်သင်္ဘောပေါ်ရှိ တပ်ဖွဲ့ဝင်များအား အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကျူးလွန်ရန် သေနတ်လက်နက်အသုံးပြုမှုဟူသော စွဲချက်သုံးရပ်ဖြင့် တရားစွဲဆိုခဲ့သည်။

အီဘရာဟန်သည် ဩဂုတ်လတွင် အပြစ်ရှိသည်ဟု ဝန်ခံချက်ပေးခဲ့သည်။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် အခြေစိုက် ကမ်းတက်စစ်ရေယာဉ်ဖြစ်သောUSS Ashland သည် ဧပြီ ၁၀ရက်က တိုက်ခိုက်ခံခဲ့ရပြီး ယင်းတိုက်ခိုက်မှုတွင် မိမိပါဝင်ပတ်သက်ခဲ့သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်စစ်သင်္ဘော တိုက်ခိုက်ခံခဲ့ရသည့် အမှုနှင့် စွဲချက်တင်ခံထားရသူ အခြားငါးဦးရှိပြီး အမေရိကန်အစိုးရရှေ့နေများနှင့် ပူးပေါင်းဆောင်ရွက်ရန် ၎င်းက သဘောတူညီခဲ့သည်။

အီဘရာဟမ်သည် ၂၀၀၈ခုနှစ် နိုဝင်ဘာလက ဒိန်းမတ်သင်္ဘောတစ်စင်းကို တိုက်ခိုက်ခဲ့ရာတွင် ပြစ်ဒဏ်ချမှတ်မည့် အရေးနှင့်လည်း တွေ့ကြုံခဲ့ရသည်။ **အင်တာနက်။**

အင်္ဂလန်၊ ဝေလနှင့် မြောက်အိုင်ယာလန်တို့၌ မုန်းတီးမှုအခြေခံ ရာဇဝတ်မှုများ တိုးပွားလာ

လန်ဒန် နိုဝင်ဘာ ၃၀

မုန်းတီးမှုကို အခြေခံ၍ ဖြစ်ပွားသောရာဇဝတ်မှုများကို ပထမဆုံးအကြိမ်အဖြစ် ပြည်သူလူထုကို အသိပေးထုတ်ပြန်ရာတွင် အင်္ဂလန်၊ ဝေလနှင့် မြောက်အိုင်ယာလန်တို့၌ ပြီးခဲ့သည့်နှစ်အတွင်း ယင်းမှုခင်းအရေအတွက် ၅၀၀၀၀ ကျော်ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

နိုဝင်ဘာ ၃၀ ရက်နေ့၌ ထုတ်ပြန်ကြေညာသော ကိန်းဂဏန်းများတွင် ဖော်ပြထားသည့် တိုက်ခိုက်မှုကို လေ့လာဆန်းစစ်ရာတွင် မုန်းတီးမှုကြောင့်ဖြစ်လာသော ရာဇဝတ်မှုများသည် ၂၀၀၉ခုနှစ်တွင် ယမန်နှစ်ထက် ၁၂ ရာခိုင်နှုန်းတိုးလာကာ ၅၂၀၂၈ မှုအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်က ၄၆၃၀၀ မှုသာရှိခဲ့သည်။

အဆိုပါအမှုအခင်းများနှင့် ပတ်သက်၍ မုန်းတီးမှုအခြေခံရာဇဝတ်မှုများ(Hate Crimes)ဟူ၍ ဗြိတိန်နိုင်ငံက အဓိပ္ပာယ်ဖွင့်ဆိုပြီးနောက် ယင်းအမှုများကို၂၀၀၈ ခုနှစ် ဧပြီလမှစတင်၍ မှတ်တမ်းလုပ်ဆောင်လျက်ရှိသည်။

၂၀၀၉ ခုနှစ်တွင် လိင်ကိစ္စကို အခြေပြုဖြစ်ပွားခဲ့ရသော ရာဇဝတ်မှုများမှာ ၅၀၀၀ နီးပါးရှိခဲ့ပြီး လူမျိုးရေးမုန်းတီးမှုကြောင့် ဖြစ်ပွားခဲ့ရသော ရာဇဝတ်မှုများမှာ ၄၃၀၀၀ ကျော်ရှိခဲ့သည်။ **အေပီ။**

ကလေးအကျဉ်းသားများကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့လက်သို့ ကနေဒါတပ်ဖွဲ့များ လွှဲပေးခဲ့

အော့တဝါ နိုဝင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ ကနေဒါတပ်ဖွဲ့ဝင်များသည် တာလီဘန်များနှင့် ပူးပေါင်းမှုရှိကြောင်း ယူဆရသော ကလေးများကို ဖမ်းဆီးကာ အကျဉ်းသားများကို နှိပ်စက်ကလူ ပြုနေသည်ဟု နာမည်ပျက်ရှိသော အာဖဂန်လုံခြုံရေးတပ်ဖွဲ့များလက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ သတင်းထွက်ပေါ်လာမှုသည် အာဖဂန်တောင်ပိုင်း၌ လူထုထောက်ခံမှုကျဆင်းလျက်ရှိသော စစ်ကို ဆင်နွှဲနေရသည့် ကနေဒါတပ်ဖွဲ့ဝင်များ၏ပုံရိပ်ကို ထိခိုက်စေမည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်သည်ဟု ဆိုနိုင်သည်။

အာဖဂန်အကျဉ်းသားများဆိုင်ရာအရေးသည် ၂၀၀၆ ခုနှစ်အစောပိုင်းက အာဏာရခဲ့သော ကနေဒါ ရှေးရိုးစွဲအစိုးရအတွက် အရှင်းရခက်သော ပြဿနာတစ်ရပ်ဖြစ်သည်။

ကနေဒါတပ်ဖွဲ့ဝင်များသည် ၎င်းတို့ ဖမ်းဆီးခဲ့သော အာဖဂန်ကလေးများကို အာဖဂန်အစိုးရ၏ အမျိုးသား လုံခြုံရေး ညွှန်ကြားမှုဦးစီးဌာနက ကွပ်ကဲသည့် ကန်ဒါဟာပြည်နယ်ရှိ ဆာပိုဇာအကျဉ်းထောင်သို့ လွှဲပြောင်းပေးခဲ့ကြောင်း ကနေဒါကာကွယ်ရေးဝန်ကြီးဌာန မှတ်တမ်းများကို ကိုးကား၍ စီဘီအက်စ်သတင်းဌာနက ဖော်ပြသည်။ **ရိုက်တာ။**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ပြင်သစ်သံရုံးကို စောင့်ကြပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များ။

ပြင်သစ်သံရုံးကို အသေခံပုံးခွဲတိုက်ခိုက်ရန် ကြံစည်မှု အီရတ်လုံခြုံရေးတပ်ဖွဲ့ တားဆီးနိုင်ခဲ့ဟုဆို

ဘဂ္ဂဒက် နိုဝင်ဘာ ၃၀ - အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အီရတ်ခရစ်ယာန်ဝတ်ကျောင်း တိုက်ခိုက်ခံရပြီးနောက်ပိုင်း စုဆောင်းရရှိသော သတင်းအချက်အလက်များကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် ပြင်သစ်သံရုံးကို အသေခံပုံးခွဲတိုက်ခိုက်မည့် စီမံချက်တစ်ရပ်ကို တားဆီးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၉ ရက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါ အသေခံကားဗုံးခွဲတိုက်ခိုက်မှု အမှန်တကယ် ဖြစ်မြောက်လာခဲ့ပါက ယခုနှစ်အတွင်း နိုင်ငံခြားသံရုံးများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သော ဒုတိယမြောက် အကြမ်းဖက်ဖြစ်စဉ်တစ်ရပ်အဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ဧပြီလအတွင်း ဒေသခံနှင့် ဥရောပကိုယ်စားလှယ်အဖွဲ့များကို အသေခံဗုံးခွဲသမားသုံးဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၃၀ သေဆုံးခဲ့ရသည်။

အသေခံဗုံးခွဲတိုက်ခိုက်ရန် ကြံစည်မှုကို အီရတ်လုံခြုံရေးအဖွဲ့များက တားဆီးနိုင်ခဲ့သည် ဟူသောသတင်းကို တစ်စုံတစ်ရာ မှတ်ချက်ပေးရန် ပြင်သစ်သံရုံးက ငြင်းဆိုသည်။ **အေအက်ဖ်ပီ။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ရေနံ့သာ-ဂွလမ်း ကြံ့ခိုင်မှုထိန်းသိမ်းခြင်းနှင့် ပုသိမ်-မုံရွာလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး ညောင်တုန်းမြို့နယ်၌ တောင်သူများအား ပံ့ပိုးငွေပေးအပ်ပွဲတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဂွ-ငါးသိုင်းချောင်းလမ်းပေါ်ရှိ ဗောမိတံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်းသည် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးနယ်စပ် ဗေဒါစခန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတို့က ငါးသိုင်းချောင်း-ဂွလမ်းမှ ဧရာဝတီတိုင်းဒေသကြီးအပိုင်း ၂၈ မိုင် လေးဖာလုံ၊ ရခိုင်ပြည်နယ်အပိုင်း ၂၇ မိုင်နှင့် သံတွဲ-ဂွလမ်း ၁၇ မိုင်တို့အား အပိုင်းလိုက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်လှမင်းက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့(မြောက်စမ်း) ဧည့်ရိပ်သာသို့ရောက်ရှိပြီး တာဝန်ရှိသူတို့၏ ပုသိမ်-မုံရွာလမ်း အပိုင်းလိုက် ခွဲဝေတာဝန်ယူဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ရန်ကုန်-ပုသိမ်လမ်း စီမံကိန်းနှင့် ဆားမလောက်(ကဇန်းလမ်းဆုံ) မအူပင်လမ်းစီမံကိန်းအား BOT စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းတင်ပြမှုနှင့် တိုင်းမှူး၏ ဖြည့်စွက်ရှင်းလင်းတင်ပြမှုတို့အပေါ် လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး မှာကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ စားသောက်ကုန်များပေးအပ်၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပုသိမ်-မုံရွာလမ်း ကန်ကလေး-ရေနံ့သာလမ်းပိုင်း၌ လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းသည် ညောင်တုန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ကျင်းပသော စုပေါင်းလယ်ယာထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က အကျိုးတူတောင်သူများအား ရာသီသီးနှံများ စိုက်ပျိုးရေးပံ့ပိုးငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းက အမှာစကားပြောကြား၍ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ရာသီသီးနှံစိုက် တောင်သူတစ်ဦးအားလည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက နွေစပါးစိုက် တောင်သူတစ်ဦးအားလည်းကောင်း စိုက်ပျိုးစရိတ်ပံ့ပိုးငွေများ ပေးအပ်ကြသည်။

ထို့နောက် တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကာ ဗိုလ်ချုပ်လှမင်းနှင့် တိုင်းမှူးတို့သည် ပံ့ပိုးငွေထုတ်ပေးနေမှု၊ လယ်ယာသုံး စက်ကိရိယာများ ခင်းကျင်းပြသထားမှုနှင့် ခရိုင်အတွင်း ရာသီသီးနှံများ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၁)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၅၊ ၆)ရက်
နေပြည်တော်

သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ အလှူငွေနှင့် ကန်တော့ပစ္စည်းများ လှူဒါန်းကြရန် နိုးဆော်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၂ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ကြီးများကန်တော့ပွဲကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ရန် လိုအပ်သောငွေနှင့် ပစ္စည်းများကို အလှူရှင်များက လှူဒါန်းလျက်ရှိပြီး ဆက်လက်လှူဒါန်းလိုသူများအနေဖြင့် ရန်ကုန်မြို့၊ အမှတ်(၅၂၉)၊ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်းတည်ရှိရာသို့ လာရောက်လှူဒါန်းကြရန် နိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၅၅ ၆။ မြန်မာ့ရှုခင်း
၅း၃၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၇)**
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၁။ **Mail Box**
၆း၄၅ ၁၂။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း -၂၅)
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၁)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ သိတတ်ပါစေ (ဇာတ်လမ်းတို)
၁၉။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -နောက်ဆုံးလူမိုက်ကြီး (မိုးယံဇွန်၊ ဇော၊ ငြိမ်းချမ်း၊ ဗေဒါ၊ ကောင်းကျော်၊ ထက်ထက်၊ ဝိုင်းချစ်၊ စံလင်း၊ ချစ်ဖူး၊ တာဇံ၊ ရီရီပွင့်ဖြူ၊ တက္ကသိုလ်ဂွမ်းပုံ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)] (အပိုင်း-၂)(ဇာတ်သိမ်း)
၂၀။ **Internet Website**ကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၃၁)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို ၂၀၁၀ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၁၀ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ရုပ်ရှင်၊ ဂီတအနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တေးဂီတပညာရှင်တစ်ဦးနှင့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်) သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာပရိသတ်များအသည်းစွဲ မင်းသား ဂျူမုံနှင့် မင်းသမီး လီဟာနား ကိုရီးယား-မြန်မာရုပ်ရှင်ပွဲတော်သို့တက်ရောက်၊ နေပြည်တော်၌ CDMA 800 MHz ဖုန်း ဒီဇင်ဘာတွင် စတင်ငှားရမ်းခွင့်ပြုမည်၊ ပဲခူးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်၏ မတ်ပဲစိုက်တောင်သူများသို့ သိန်း ၆၀၀၀ ကျော် အတိုးမဲ့ထုတ်ချေး၊ FMI ကုမ္ပဏီမှ ကုန်တင်ယာဉ်များ ဖြန့်ဖြူးရောင်းချမည်၊ ရန်ကုန်မြို့၏ ဒုတိယမြောက်ကလေးဆေးရုံသစ်ကြီး ၂၀၁၁ နှစ်ဆန်းပိုင်း ဖွင့်လှစ်မည်၊ တန်ပိုကုန်တင်ယာဉ်များ သတိပေးတံဆိပ်ရိုက်နှိပ်၊ မြန်မာ့ရေငန်ငါးများ ဂျပန်ဝယ်ယူလို၊ ရတနာပုံတက္ကသိုလ် ပထမနှစ်သင်တန်းသို့ ၇၄၇၅ ဦး တက်ရောက်ခွင့်ရရှိ၊ သုခကုသိုလ်ဖြစ်ဆေးခန်း၌ တစ်နေ့လျှင် လူနာ ၂၀၀ ကျော် အခမဲ့ကုသပေး၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လိုင်စင် လျှောက်ထားနိုင်၊ မြေပုံမြို့ ဂီရိမုန်တိုင်းသင့်လယ်မြေများ ရေငန်ထိုး၍ စပါးစိုက်ပျိုးရန် အခက်အခဲရှိနိုင်၊ CDMA 450 MHz တစ်နိုင်ငံလုံးအနှံ့ သယ်ဆောင်အသုံးပြုနိုင်၊ ကားရှစ်စီး တစ်ပြိုင်နက် ဓာတ်ငွေ့ထုတ်ယူနိုင်ရန် မင်္ဂလာဒုံဓာတ်ငွေ့အရောင်းဆိုင်အား တိုးချဲ့တည်ဆောက်၊ နေပြည်တော် မြန်မာ့ကျောက်မျက်ပြပွဲတွင် ပါရမီအငှားယာဉ်စီးရေ ၁၀၀ ပြေးဆွဲလျက်ရှိ၊ လူထုစိန်ဝင်း၊ မိုးမြင့်လွင်၊ တက္ကသိုလ် ခင်မောင်ဇော်၊ မျိုးထွဋ်(ပြည်သူ့ရဲဘော်)၊ အေးမောင်ကျော်၊ မောင်သန်းဆွေ(ထားဝယ်)၊ ပါရဂူ၊ ဒေါက်တာအောင်ခင်ဆင့်၊ မောင်သာနိုး၊ မြသူအောင်၊ ရွှေစင်ကိုကိုတို့၏ ဆောင်းပါးများ၊ ကမ္ဘောဒီးယားနိုင်ငံ တံတားလူပ်ယမ်းမှုကြောင့် လူအများသေကျေ၊ သန္ဓေသားရုပ်အလောင်း ၂၀၀၀ ထိုင်းရဲတွေ့၊ အာဖဂန်စစ်ပွဲအတွက် ဒေါ်လာ ၄၁၃ ဘီလီယံ ပိုမိုသုံးစွဲရတော့မည်၊ ကမ္ဘာ့အကြီးဆုံးလေယာဉ်ပျံ ဈေးကွက် တရုတ်ဖြစ်လာမည် စသည့် ပြည်တွင်း၊ ပြည်ပသတင်းများ၊ ဇင်ယော်နီ၏ ကံကောင်းခြင်းဂဏန်းများ စသည်ဖြင့် News Watch (စောင့်ကြည့်) ဂျာနယ် ထွက်နေပြီဖြစ်သည်။ (သတင်းစဉ်)

ဘားအံမြို့နယ်၌ ဟိုင်းလတ်ယာဉ်တစ်စီး တိမ်းမှောက်

နေပြည်တော် နိုဝင်ဘာ ၃၀

ကရင်ပြည်နယ် ဘားအံမြို့မှ ကော့ကရိတ်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင် ဟိုင်းလတ်ယာဉ်တစ်စီးသည် နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ် ကျားကလေးကျေးရွာနှင့် ဂျိုင်းကျေးရွာအကြား၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည်အချို့ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ကျုံဒိုးဆေးရုံနှင့် ကော့ကရိတ်ဆေးရုံတို့၌ ပြင်ပလူနာအဖြစ် ကုသပေးခဲ့ကြောင်း၊ ယာဉ်မောင်းသက်နောင်အား အမှုဖွင့်ပြီး စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသမီးဝတ်စုံ အခြေခံစက်ချုပ်သင်တန်း ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေး လုပ်ငန်းအဖွဲ့ကကြီးမှူး၍ အမျိုးသမီးဝတ်စုံ အခြေခံစက်ချုပ်သင်တန်း (၅/၂၀၁၀)ကို ဒီဇင်ဘာ ၁၅ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို တနင်္လာမှ သောကြာအထိ နေ့စဉ်နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ်(P) အခန်းအမှတ်(၀၀၅) ငါးလွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ်(၁၀)၌ရယူ၍ ဒီဇင်ဘာ ၁၄ ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃၀

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက် မှ ၃၁ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဒီဇင်ဘာ ၁၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၁၁ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်များရွေးချယ်မည့် ၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် (၁-၁၂-၂၀၁၀)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊
- ☆ အမျိုးသားပညာရည် မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

အမျိုးသားရေးအားမာန် အမျိုးသားနေ့အဓိဋ္ဌာန်

၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် (၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။

မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော အမျိုးသားရေးစိတ်ဓာတ်အပေါ် ကိုလိုနီနယ်ချဲ့တို့က တစ်ဖက်သတ်ဖိနှိပ်ထားခဲ့ရာမှ အမျိုးသားရေးလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာခဲ့သော နေ့ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် အစပျိုးပေးခဲ့သော အမျိုးသားနေ့ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ၉၀ မျှရှိခဲ့ပေပြီ။

လွန်ခဲ့သောနှစ်ပေါင်း ၉၀ ကျော်ကာလ။အမျိုးသားနေ့ပေါ်ပေါက်လာချိန်သည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်ပြုပြီး တစ်နိုင်ငံလုံးနယ်ချဲ့တို့၏ စိုးမိုးမှုအောက်သို့ ရောက်ရှိနေချိန်၊ ပြည်သူတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး ဖိနှိပ်ချုပ်ချယ်ကန့်သတ်မှု အမျိုးမျိုးကြုံတွေ့နေရချိန် ဖြစ်သည်။

နယ်ချဲ့စိုးမိုးသူတို့က ရန်ကုန်တက္ကသိုလ်ကို ထူထောင်ခဲ့သော်လည်း မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို ချိုးနှိမ်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်သာ ရည်ရွယ်ခဲ့သည်။ တစ်နည်းအားဖြင့် နယ်ချဲ့တို့ တည်ထောင်ခဲ့သော ပညာရေးစနစ်သည် ကိုလိုနီ အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စာရေး၊ စာချီ၊ မြို့အုပ်၊ ဝန်ထောက်များကို လိုအပ်သလို ပုံသွင်းမွေးထုတ်ပေးခြင်းသာဖြစ်သည်။

ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို အထောက်အကူဖြစ်စေမည့် ရန်ကုန်တက္ကသိုလ်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေသည် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ယူခွင့်ကို ကန့်သတ်ထားသည်။ မြန်မာနိုင်ငံအပေါ် နှောင်ကြိုးဖြင့် လက်ဝါးကြီးအုပ် ကျွန်ပြုစိုးမိုးရေး ရည်ရွယ်ဖန်တီးထားသည့် ဥပဒေဖြစ်သည်။

ထို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်မြင့်မားသည့် မျိုးချစ်လူငယ်များက အဆိုပါ ကိုလိုနီပညာရေးဥပဒေကို ကန့်ကွက်ခဲ့ကြသည်။ နယ်ချဲ့အစိုးရကို ဆန့်ကျင်၍ တိုးတက်ကောင်းမွန်သော တက္ကသိုလ်ပညာရေးစနစ်ကို တောင်းဆိုသည့် အမျိုးသားပညာရေးလှုပ်ရှားမှုကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုနေ့သည် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ဖြစ်သည်။

ကြည်ဝင်းညွန့်

အမျိုးသားနေ့လှုပ်ရှားမှုများနှင့်အတူ **ကျွန်ပညာ အလိုမရှိ** ဟူသောကြွေးကြော်သံ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ **အမျိုးကိုချစ်ပါ၊ "နိုးကြားကြပါ၊" လူမျိုးခြား၏ နင်းပြားမဖြစ်ကြပါစေနှင့်** စသည့် ကြွေးကြော်သံများကြောင့် ပြည်သူများ၏ နိုင်ငံရေးအသိအမြင်များ ပိုမိုနိုးကြားလာစေခဲ့သည်။ ဇာတိသွေး ဇာတိမာန်၊ အမျိုးသားရေး စိတ်ဓာတ်၊ အမျိုးသားရေးအားမာန်များ တက်ကြွလာစေခဲ့သည်။

မြန်မာနိုင်ငံအနှံ့၌ အမျိုးသားကျောင်းများကို တည်ထောင်ကာ အမျိုးသားပညာရေးရည်ရွယ်ချက်များ အကောင်အထည်ဖော်ခဲ့ကြသည်။ အမျိုးသားကျောင်းဆရာများက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အခြေခံသဘောတရားများကို သင်ကြားပို့ချပေးခဲ့ကြသည်။ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသော လူငယ်လူရွယ်များစွာတို့ကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

အမျိုးသားပညာရေးလှုပ်ရှားမှုကြီးသည် နယ်ချဲ့တို့၏ စိုးမိုးအုပ်ချုပ်နေချိန်တွင် ပထမဆုံး ပေါ်ပေါက်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကြီး ဖြစ်သည်။ ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်စိန်ခေါ်ရုံသာမက နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုကိုပါ တွန်းလှန်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအောင်ပန်း ရယူနိုင်သည်အထိ အရှိန်မြှင့်တင် စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် အမျိုးသားရေးအားမာန်များ နိုးကြားရှင်သန်လာစေသော အမျိုးသားရေးလှုပ်ရှားမှုကြီး စတင်ခဲ့သည့် **၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့**ဟူ၍ ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားရေး စိတ်ဓာတ်၊ အမျိုးသားရေးအားမာန်များ တက်ကြွနိုးကြားစေရန် မျိုးစေ့ချပေးခဲ့သည့် အမျိုးသားနေ့၏ အနှစ်သာရ၊ အမျိုးသားနေ့၏တန်ဖိုးကို ထာဝစဉ်သတိရနေကြရပေမည်။ နှစ်စဉ် အမျိုးသားနေ့ အခမ်းအနားများကျင်းပ၍ ဂုဏ်ပြုနေကြသည်။

အမျိုးသားနေ့ဦးတည်ချက်များချမှတ်၍ နိုင်ငံတစ်ဝန်း၌ ကျင်းပကြမြဲဖြစ်သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ ဖြစ်ထွန်း တည်ရှိပိုင်ဆိုင်သော နိုင်ငံဖြစ်သည်။ ထိုကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု အဆင့်အတန်းကို မြင့်မားအောင်ပျိုးထောင် မြှင့်တင်ကြရပေမည်။ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် လူမျိုးများသာလျှင် ကမ္ဘာ့အလယ်တွင် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားသည့် လူမျိုးအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မည်ဖြစ်သည်။

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးအတွက် နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ခိုင်မာရန်လိုအပ်သည်။ အမျိုးစောင့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံ၍ အမျိုးသားရေးကြိုးပမ်းမှုဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ရာ မြန်မာ့သမိုင်းတွင် အောင်ပွဲအလီလီရရှိခဲ့သည့် သာဓကများရှိသည်။

မျက်မှောက်ကာလတွင် ခေနအင်အားကြီးမားသော နိုင်ငံကြီးများက အရှိန်အဟုန်ဖြင့် တိုးတက်လာသည့် သတင်းဆက်သွယ်ရေးနည်းပညာများကို အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အတွေးအခေါ်နှင့် ယဉ်ကျေးမှုဆိုင်ရာများ ထိုးဖောက်လွှမ်းမိုးနိုင်ရေး လုပ်ဆောင်နေကြသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းရင်း မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ပျောက်ကွယ်မသွားစေရေး၊ နိုင်ငံကြီးများ၏ ဩဇာလွှမ်းမိုးထိုးဖောက်မှုအန္တရာယ်များ တားဆီးကာကွယ်နိုင်ရေးအတွက် လူမှုရေးတံတိုင်း၊ စီးပွားရေးတံတိုင်းများဖြင့် ကာရံထားကြရပေမည်။ နိုင်ငံသားတိုင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာသည်နှင့်အမျှ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားနေမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်နေသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဒုတိယနှစ်တို (၅)နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံတော်၌ ကျင့်သုံးလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာနေပေပြီ။

နိုင်ငံတစ်ဝန်းတွင် လူငယ်လူရွယ်များ အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိနေပြီး ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွက်လာလျက်ရှိနေပေပြီ။

ယနေ့မျိုးဆက်သစ်လူငယ်များ၏ ရင်ထဲနှလုံးသားထဲတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်မည်ဟူသည့် ယုံကြည်ချက်၊ ခံယူချက်များ၊ မျိုးချစ်စိတ်၊ ဇာတိသွေးဇာတိမာန်များ ထက်မြက်ရှင်သန်နေရန် လိုအပ်သည်။ သို့မှသာ မြန်မာတိုင်းရင်းသား ဘိုးဘွားအစဉ်အဆက် အသက်ပေး၍ ရယူတည်ဆောက်လာခဲ့ရသည့် အမျိုးသားရေးအမွေကောင်းများကို ဆက်ခံထိန်းသိမ်းနိုင်ကြမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကိုဦးတည်ပြီး ပညာရေးကဏ္ဍအပါအဝင် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်နေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်နေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီအဆင့်လိုက်ဆက်လက်ဖော်ဆောင်လျက်ရှိသည်။သို့ဖြစ်ရာ မြန်မာတိုင်းရင်းသားအားလုံးတို့က အမျိုးသားရေး မီးရှူးတန်ဆောင် အမျိုးသားနေ့၏ အနှစ်သာရအစဉ်အလာ အဓိဋ္ဌာန်များနှင့်အညီ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန် အမျိုးသားရေးအားမာန် အပြည့်အဝဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ညီညာဖြိုလက်တွဲပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရေးသားတင်ပြလိုက်ရပေသည်။ ။

အမျိုးသားရေး နိုးကြားသံ

★ ပြည်ထောင်စုတွင်း၊ မှီတင်းနေထိုင်
မြဲခိုင်သွေးချင်း၊ ဒို့သားချင်းတို့
ရိုင်းပင်းကူညီ၊ ဒို့မြန်ပြည်ကို
ဒို့သည်အားကိုး၊ ဒို့မြတ်နိုး၍
အမျိုးသားရေး၊ လက်မနေးဘဲ
တွေးဆဆောင်ရွက်၊ ယုံကြည်ချက်ဖြင့်
အားတက်မာန်ကျိုး၊ ဆထက်တိုးမှ
ဒို့မျိုးဂုဏ်ရည် တိုးတက်မည်။

★ မြန်မာ့ရိုးရာ၊ ရှေးစဉ်လာကို
မြန်မာမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြင့်
ယုံကြည်ချက်ထား၊ ထိန်းသိမ်းသွားမှ
စွမ်းအားတူညီ၊ ဒို့မြန်ပြည်သည်
ခေတ်မီဖွံ့ဖြိုး၊ ဘက်စုံတိုး၍
မျိုးမာန်လည်းဝင့်၊ ဂုဏ်လည်းတင့်၏။

★ ဒို့ရဲ့မြန်ပြည်၊ ဝပြောစည်ဖို့
ကိုယ်စီကိုယ်င၊ ဝိုင်းဝန်းကြ၍
အများပေါင်းဖက်၊ ပန်းတိုင်ထက်သို့
တက်လှမ်းနိုင်အောင်၊ မြဲစွမ်းဆောင်လျှင်
ပြည်ထောင်တစ်ဝန်း၊ လွှန်ငြိမ်းချမ်းပြီး
ချမ်းသာသုခ၊ ပြည့်စုံကြဖို့
အမျိုးသားမာန်၊ နိုးကြားသံဖြင့်
ဒို့မြန်မာပြည်၊ ရှေ့သို့ချီသည်
ညီညွတ်မှုစွမ်း၊ ပြည်လုံးလွှမ်းလျက်
အေးချမ်းသာယာ ရှိစေသော်။ ။

နှင်းမောင်(ဗီးကုန်း)

ရခိုင်ပြည်နယ် အမ်းမြို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန တပ်တောင် ရေလမ်းကြောင်းနှင့် အမ်းလေဆိပ်လုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြို့နယ်ရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ရုံး၏ တည်နေရာနှင့် အကျယ်အဝန်း၊ ရုံးဆောက်လုပ်ထားရှိမှု၊ မြို့နယ်ရုံး၏ လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာ ရွေးချယ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် တပ်တောင်သို့ ရောက်ရှိပြီး တပ်တောင်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ကမ်းတံတား အခြေအနေ၊ စစ်တွေ - အမ်း - တပ်တောင်သို့ ပြေးဆွဲခုတ်မောင်းနေသည့် ရေယာဉ်များနှင့် ခရီးသည်တင်စက်လှေများ ပြေးဆွဲနေမှုနှင့် မြစ်ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်များ ဝင်ချိန်၊ ထွက်ချိန် မှန်ကန်ရေး၊ ဝန်ထမ်းများ ဆက်ဆံရေး ကောင်းမွန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး၊ ရေယာဉ်လုံခြုံမှု အစဉ်သတိပြုရေးတို့ကို မှာကြားခဲ့သည်။

ရှင်းလင်းတင်ပြ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် ယနေ့တွင် အမ်းမြို့ အမ်းလေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမ်းလေဆိပ်၏ လေဆိပ်အဆောက်အအုံ ပြီးစီးမှုအခြေအနေ၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရာနေရာ၊ လေယာဉ်သွားလမ်း၊ လေဆိပ်အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လေဆိပ်အဆောက်အအုံ စနစ်တကျတည်ဆောက်ရေး၊ လေဆိပ်သန့်ရှင်းမှု ကောင်းမွန်ရေး၊ လေဆိပ်လုံခြုံမှု အစဉ်သတိပြုရေးနှင့် ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် လေဆိပ်အဆောက်အအုံပြီးစီးမှု၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားရာနေရာနှင့် လေယာဉ်ဝင်ရောက်ဆင်းသက်မှု၊ လေယာဉ်ပေါ်သို့ ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ အမ်းလေဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားနေ့ သန္နိဋ္ဌာန်

➢ ပြည်ထောင်စုကြီး အမိမြေ
တိုင်းရင်းသားတို့ စုပေါင်းနေ၊
တစ်မြေတည်းဖွား တစ်မိသား
ဆွေရင်းမျိုးရင်း မောင်နှမများ။
➢ တစ်ယောက်အားကို တစ်ယောက်ယူ
ရိုင်းပင်းဖေးမ ဝိုင်းဝန်းကူ၊
အတူလက်တွဲ မှုမကွဲ၊
ရင်းနှီးချစ်ကြည် စည်းလုံးမြဲ။
➢ ခြေထိုးသွေးခွဲ စကားတွေ
နားယောင်မနေ မတွေဝေ၊
ပြည်ထောင်စုမြေ စည်သာရေး
တက်ညီလက်ညီ ဆောင်ရွက်ပေး။
➢ ရေရှည်တွေးလို့ ကောင်းကျိုးဖော်
ခေတ်မီဖွံ့ဖြိုး နိုင်ငံတော်၊
အမေကိုကျော် ထွေးတော်မလွမ်း
ကျရာတာဝန် ကိုယ်စီထမ်း။
➢ ကိုယ်ပိုင်စွမ်းရည် အရင်းခံ
နိုးကြားတက်ကြွ အားနှင့်မာန်၊
လုံ့လဇွဲသန် မြန်မာဟေ့
ပြည်ထောင်စုစိတ်ဓာတ် စွဲတည်မွေ့။
➢ အမျိုးသားနေ့ သန္နိဋ္ဌာန်
ဦးတည်ချက်များ အောင်မြင်ရန်၊
ကိုယ့်ထုံးကိုယ့်စံ ကိုယ့်ဟန်နှင့်
မျိုးရိုးဂုဏ်ရည်မြှင့်၊
နိုင်ငံ့ဂုဏ်ရည်တင့်။ ။

ရာဇာညွန့်

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၄/၂၀၁၀) ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)၏ ဦးဆောင်မှုဖြင့် စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲ (၄/၂၀၁၀) ကို (SYMPOSIUM SERIES) အဖြစ် Natural Resource Management (The Myanmar Beyond 2010) ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၂ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် UMFCCI ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပမည်ဖြစ်ပြီး Prof: Dr Rajendra (Schort of Environmental Resource & Development), Prof:Dr Sukit (ESRI), U OHN (Forest Resource in Myanmar), Prof: Dr Aung Tun Thet (UNDP/ADVISOR) (Economics of Natural Resource Management) ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ ထားရှိပြသမည့် ရှားပါးတိရစ္ဆာန်များ ပြည်ပမှ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်ရေးအတွက် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်အနီး၌ တည်ဆောက်လျက်ရှိသည့် ဆာဖာရီဥယျာဉ် (နေပြည်တော်)၌ ပြသမည့် ရှားပါးတိရစ္ဆာန်များဖြစ်သည့် ကြွဲဖြူ ခြောက်ကောင်၊ ခြင်္သေ့ ခုနစ်ကောင်၊ သစ်ကုလားအုတ် ခြောက်ကောင်၊ ကုလားအုတ် ခြောက်ကောင်၊ ငှက်ကုလားအုတ် ၁၀ကောင်၊ အင်ပါလာ (အာဖရိကသမင်) ရှစ်ကောင်၊ မြင်းကျား ခြောက်ကောင်နှင့် ဆိတ်သမင် ခြောက်ကောင် စုစုပေါင်း ၅၅ ကောင်ကို အထူးလေယာဉ်ဖြင့် တောင်အာဖရိကနိုင်ငံမှ တိုက်ရိုက်သယ်ဆောင်လာရာ နိုဝင်ဘာ ၂၉ ရက်တွင် နေပြည်တော်သို့ ရောက်ရှိသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ အာဖရိကတိုက်၊ အာရှနှင့် ဩစတြေးလျတိုက်တို့မှ ရှားပါးတိရစ္ဆာန်များအပါအဝင် တိရစ္ဆာန် စုစုပေါင်း မျိုး ၂၀၊ ၂၀၄ကောင် ပြသသွားမည်ဖြစ်ပြီး ဆာဖာရီဥယျာဉ် (နေပြည်တော်)ကို မကြာမီ ဖွင့်လှစ်ပြသနိုင်ရေးအတွက် အမြန်ဆုံးပြီးစီးအောင် နေ့ည ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်အနီး၌ တည်ဆောက်လျက်ရှိသည့် ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ ပြသမည့် ရှားပါးတိရစ္ဆာန်များ တောင်အာဖရိကနိုင်ငံမှ အထူးလေယာဉ်ဖြင့် တိုက်ရိုက်သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

MFF PEP WOMEN CUP 2010 ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

၂၀၁၀ ခုနှစ် (၁၀)ကြိမ်မြောက် အမျိုးသမီးအကြီးတန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ယင်းပြိုင်ပွဲကို အဓိက စပွန်ဆာပေးထားသည့် Red Horse Industrial Group (PEP) နို့မှုန့် ဒါရိုက်တာ ဦးတင်ဌေးဦး၊ ဦးတင်စိုး၊ ဈေးကွက်မန်နေဂျာ ဦးအောင်ကျော်နိုင်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းမှ အားကစားသမားများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် PEP နို့မှုန့်မှ တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် ပြိုင်ပွဲဝင်အသင်းတိုင်းအတွက် PEP နို့မှုန့်က ထောက်ပံ့ပေးသည့် ငွေကျပ်နှစ်သိန်းစီကို ဈေးကွက်မန်နေဂျာ ဦးအောင်ကျော်နိုင်က ပေးအပ်သည်။

ထို့နောက် ဖွင့်ပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တူဒေးစာအုပ်တိုက်ထုတ် Myanmar Series စာအုပ်များ ဈေးနှုန်းလျော့

ရန်ကုန် နိုဝင်ဘာ ၃၀

Myanmar Attractions and Delights (Ba Than) Myanmar Gems (Dr Khin Maung Nyunt) Myanmar Memorabilia (U Tin U-Myanung) Myanmar Culture (K) Presenting Myanmar (Maung Kyaa Nyo) ဟူသည့် စာအုပ်များမှာ တူဒေးစာအုပ်တိုက်၏ Myanmar Series အနေဖြင့် ထွက်ခဲ့သော စာအုပ်များ ဖြစ်သည်။ မြန်မာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ၊ ဘာသာ သာသနာ၊ မြန်မာ့ပွဲတော်၊ မြန်မာ့ကျောက်မျက်ရတနာ၊ မြန်မာ့ရိုးရာမုန့်စသည့် အကြောင်းအချက်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားခြင်းဖြစ်သည်။မြန်မာအကြောင်းကို စိတ်ဝင်စားသူ နိုင်ငံခြားသားများ၊ ဧည့်လမ်းညွှန်များ၊ အမှတ်တရ လက်ဆောင်ပေးချင်သူများအတွက် အထူးသင့်လျော်ကြောင်း သိရသည်။ ထိုစာအုပ်ငါးအုပ်၏ ယခင်ဈေးနှုန်းမှာ တစ်သောင်းကျပ် ဖြစ်ပြီး ယခုအခါ အထူးဈေးနှုန်း ၇၅၀၀ ကျပ်ဖြင့် တူဒေးစာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လှေ့လာစို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Jiang Chao Liang အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ အတွင်းရေးမှူး(၁) မှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှတို့ တက်ရောက်ကြပြီး တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Jiang Chao Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Jin Honggen လည်း တက်ရောက်သည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank Corporation တို့အကြား ချေးငွေထုတ်ချေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရွှေနန်းတော်ဟိုတယ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦး တက်ရောက်သည်။

အခမ်းအနားသို့ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Jiang Chao Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Jin Honggen လည်း တက်ရောက်သည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် China Development Bank Corporation ဥက္ကဋ္ဌ Mr. Jiang Chao Liang က သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးနှင့် China Development Bank Corporation ဥက္ကဋ္ဌ Mr. Jiang Chao Liang တို့၏ ရှေ့မှောက်တွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် China Development Bank Corporation, Yunnan Branch မှ ဒုတိယဥက္ကဋ္ဌ Mr. Zhong Shujun တို့သည် ချေးငွေထုတ်ချေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် China Development Bank Corporation, Yunnan Branch မှ ဒုတိယဥက္ကဋ္ဌ Mr. Zhong Shujun တို့သည် ချေးငွေစာချုပ်ကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် China Development Bank Corporation ဥက္ကဋ္ဌ Mr. Jiang Chao Liang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank Corporation တို့အကြား ချေးငွေထုတ်ချေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၄၇)တွင် နိုင်ငံရေးသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များတွေ့ဆုံ စသည့် သတင်းများ၊ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် မိသားစုတစ်စု၏ ကြေကွဲဖွယ်ဖြစ်ရပ်၊ မြန်မာလူပွဲစားနဲ့ စင်ကာပူလူပွဲစားများကို သတိထား၊ ဆီနီဂေါကမ်းလွန်တွင် သင်္ဘောပျက်၍ မျောနေသော ဂျာမန်၊ ဘာရာဇီးစုံတွဲကို မြန်မာသင်္ဘောသားများ ကယ်တင်နိုင်ခဲ့၊ မြန်မာ့ဘဏ်လုပ်ငန်းများအဆင့်မြှင့်တင်ရန် MCC က အဆင့်မြင့် အိုင်စီတီနည်းပညာဝန်ဆောင်မှုပေးမည်၊ တရုတ်(တိုင်ပေ)တွင် ကုန်အတင်အချပြုလုပ်နေစဉ် မြန်မာသင်္ဘောသားတစ်ဦး ကွန်တိန်နာညပ်သေဆုံး၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အောင်မြင်မှုနဲ့ စိတ်ဓာတ်ရေးရာ"၊ "မြန်မာပြည်ရောက် ဂျူမုံ၊ လီဟာနားတို့နှင့်တွေ့ဆုံခြင်း" စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဂျာမန်ပါလီမန်အား တိုက်ခိုက်ရန် အယ်လ်ခိုင်ဒါအကြမ်းဖက်သမားနှစ်ဦး ဘာလင်တွင်ရောက်ရှိနေဟုဆို၊ လိုင်စင်မဲ့ အလုပ်သမားရှာဖွေရေးအေဂျင်စီများနှင့် ပူးပေါင်းလိမ်လည်သူများကို ပြင်းထန်စွာအရေးယူမည့် ဥပဒေသစ် စင်ကာပူထုတ်ပြန်၊ ဖေ့စ်ဘွတ်ခ်သုံးသူများ စိတ်ဖိစီးမှုဒဏ်ခံစားရသဖြင့် သတိပြုသုံးစွဲရန်လို၊ လာမည့်နှစ်အတွက် အလုပ်အကိုင်နေရာပေါင်း ၁၃၀၀၀၀ စင်ကာပူဖန်တီးမည်၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို ဆေးဝါးထုတ်ရာတွင် အသုံးဝင်မည့် ဓာတုပစ္စည်းအဖြစ်ပြောင်းလဲနိုင်တော့မည် ဟုဆို၊ "ရောဂါဝေဒနာခံစားနေရသော ဇနီးသည်၏ သေဆုံးလိုသောဆန္ဒကို ဖြည့်ဆည်းကူညီသည့် ခင်ပွန်းသည် တရားရင်ဆိုင်နေရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တရုတ်တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာညီလာခံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်ထိ ကျင်းပခဲ့သော တတိယအကြိမ် တရုတ်တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာညီလာခံသို့ တက်ရောက်ခဲ့ကြပြီး နိုဝင်ဘာ ၂၈ ရက် ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါညီလာခံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ Intercontinental Hotel ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားမစတင်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာလီချွမ်ကျွမ်းနှင့် အဖွဲ့ဝင်များက ညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်တိုင်းရင်းဆေးပညာဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မိမိနိုင်ငံ၏ တိုင်းရင်းဆေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာ့တိုင်းရင်းဆေး၏ သမိုင်းကြောင်း၊ ယခုလက်ရှိ တိုင်းရင်းဆေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပုံနှင့် မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းထားရှိသော တိုင်းရင်းဆေးဥပဒေများ၊ မြန်မာနိုင်ငံ၌ အဖြစ်များသော အဓိကရောဂါ (၆)မျိုးဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါတို့ကို မြန်မာ့တိုင်းရင်းဆေးများဖြင့် သုတေသနပြုပြီး အများပြည်သူသုံးစွဲရန်အတွက် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ထားရှိပုံ၊ ကုသပုံ၊ တိုင်းရင်းဆေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးတက္ကသိုလ်မှ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်းနှင့် တိုင်းရင်းဆေးရုံများက ပြည်သူများအား ကုသအောင်မြင်လျက်ရှိသော ရောဂါများအကြောင်းတို့ကို ရှင်းလင်း တင်ပြသည်။

ထို့နောက် တရုတ်တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်လုပ်ဆောင်သွားရေးတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးဆိုင်ရာ မှတ်တမ်းများ ခေတ်အဆက်ဆက် ထိန်းသိမ်းထားရှိပုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လာရောက်တွေ့ဆုံ

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်ဒေသမှ တရုတ်တိုင်းရင်းဆေးပညာအုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာဝမ်ဂိုကျောင်း လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ တိုင်းရင်းဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် တွင် ကျင်းပသည့် တရုတ်တိုင်းရင်း ဆေးပညာဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်၍ တရုတ်တိုင်းရင်းဆေးပညာဆိုင်ရာ ဥပဒေများပြဋ္ဌာန်းနိုင်ရေး၊ အထောက်အထားအခြေပြု တိုင်းရင်းဆေးပညာတစ်ရပ် ပေါ်ထွန်းလာရေးနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ နိုင်ငံတကာ စံချိန် စံညွှန်းများ သတ်မှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နိုဝင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်နှင့် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင်တို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ကျင်းပသော တတိယအကြိမ် တရုတ်တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုထိ အညိုရောင်ဒေသဟုအမည်တွင်ခဲ့၏။ သောင်းကျန်းမှု တိမ်မည်းညိုတို့ကြောင့်ဖြစ်၏။ ယခုမူ စိမ်းလန်းခြင်းနှင့် ငြိမ်းချမ်းခြင်း အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားနေရပြီဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက် ပြည့်ဝန်းသော လရောင်အောက်တွင် ရွှေကျောင်းချောင်းလယ်မှ သစ်သားတံတားထက်တွင် မြို့ခံတို့နှင့် အတူလမ်းလျှောက်ဖြစ်ခဲ့သည်။ ထိုခဏ၌ ငယ်ဘဝကို ခုံမင်စွာတမ်းတမိခဲ့သော်လည်း ခံစားမှုတို့က မလတ်ဆတ်နိုင်တော့။ သို့သော် နှစ်လိုဖွယ်ရှိဆဲပင်။ အထူးသဖြင့် စိုးရိမ်ချောက်ချားစွာ အိပ်စက်ခဲ့ရပြီး အရုဏ်ကို ရဲရဲမကြိုဖြစ်ခဲ့သော ဤမြို့ကလေး၏ အတိတ်ညများကို ပို၍ အမှတ်တရ ဖြစ်ခဲ့သည်။ ညဉ့်အတော်နက်မှ လူစုခွဲပြီး အိပ်ရာဝင်ကြသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့ ခရီးသည် ရွှေကျောင်ရေအားလျှပ်စစ် စီမံကိန်းကို ဦးတည်ထား၏။ နံနက်စောစော ထွက်ခွာရန်ရှိသော်လည်း အကြောင်းကြောင်းကြောင့် ညနေ ၃ နာရီကျော်မှသာ ခရီးစဖြစ်၏။ယခင်ယခင်ကာလများက စိတ်ကူးဖြင့်ပင် သွားရန် မသင့်သောအချိန်။ ယခုမူ လွယ်ကူဖြောင့်ဖြူးစွာ သွားလာနိုင်ပြီကို ထောက်၍ ဒေသ၏ ငြိမ်းချမ်းမှုကို မှန်းဆနိုင်ပေပြီ။ ညီညာဖြောင့်ဖြူးသော ဆယ့်နှစ်ရာသီသွား မြေသားလမ်းမကြီးပေါ်တွင် မော်တော်ဆိုင်ကယ်များက ဥဒဟို။

အချိန်ကိုငဲ့၍ ဝဲဘက်ကမ်းတောင်ကုန်းမြင့်ပေါ်ရှိ စီမံကိန်းရှင်းလင်းဆောင်ပေါ်သို့ မတက်ဖြစ်တော့။ ပင်မတမံပေါ်၌သာ တာဝန်ရှိသူတို့ထံမှ တမံဆိုင်ရာ အချက်အလက်များကို နာယူမှတ်သားခဲ့သည်။ စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများစွာထဲမှ တစ်ခုအပါအဝင်ဖြစ်သော ဤရွှေကျောင်ချောင်းပေါ်တွင် ရေလှောင်တမံတစ်ခု တည်ဆောက်ကာ နိုင်ငံတော်၏ ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျောင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာ ကျောက်နဂါးရွာအနီးရှိ ရွှေကျောင်ချောင်းပေါ်တွင် ၂၀၀၂-၂၀၀၃ခုနှစ်မှစ၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်သည်။

နှစ်စဉ် မိုးရေချိန်လက်မ ၁၂၀ ကျော်ရွာသွန်းသော ဤဒေသရှိ ရွှေကျောင်ချောင်းသည် နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၀၁၀၀၀၀ ရှိသော်လည်း တောင်ကျချောင်းများ၏ သဘာဝအတိုင်း မုတ်သုံလွန်ကာလများ၌ ရေစီးဆင်းအား နည်းပါးရသည်။ မုတ်သုံကာလတွင်မူ ရွှေကျောင်ချောင်းရေလျှံကာ ရေလွှမ်းတတ်သည်။

ရွှေကျောင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာရှိ ကျောက်နဂါးရွာသို့ ၁၅မိနစ်ဖြင့် ခရီးပေါက်ခဲ့သည်။ လျှိုမြောင် ချောက်ကြားတို့အလယ်၌ ပင်မတမံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် ရေပိုလွှဲမှတစ်ဆင့် စီးဆင်းနေသော ချောင်းရေထုကို လှမ်းတွေ့လိုက်ရသည်။ ရေအား လျှပ်စစ်စက်ရုံဧရိယာထဲ အရောက်တွင် ရေပိုလွှဲအောက်မှ (Under Pass) ကိုဖြတ်၍ စက်ရုံဘက်ကမ်းသို့ ကူးကြသည်။ ဦးခေါင်းထက်၌ ရွှေကျောင်ချောင်းရေတို့ တဝေါဝေါ ဖြတ်သန်းစီးဆင်းနေ၏။ အိပ်မက်ထက်ပိုသောခံစားမှုကို ရခဲ့သည်။

ဤတမံ တည်ဆောက်လိုက်ခြင်းဖြင့် ထိုအစွန်းတရားနှစ်ပါးကို ထိန်းချုပ်ပေးလိုက်နိုင်ပြီဖြစ်သည်။

ရေဆင်းဧရိယာ ၃၄၃ စတုရန်းမိုင်ရှိသည့် ရွှေကျောင်ချောင်းကိုပိတ်၍ အမြင့် ၁၈၅ ပေ၊ အလျား ၃၆၁၀ပေရှိ မြေသားတမံကြီး တည်ဆောက်လိုက်သည်တွင် ဧရိယာ ၄၄ စတုရန်းမိုင် ကျယ်ဝန်းသော ရေပြင်ကျယ်ကြီးတစ်ခု ဖြစ်ပေါ်လာပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၆၈၅၀၀၀ ရှိမည်ဖြစ်သည်။ ရေသေရေလှောင်ပမာဏမှာ ဧကပေ ၅၁၀၈၀၀ ရှိပြီး ရေအားလျှပ်စစ် ထုတ်ယူနေသမျှ ရာသီအားလုံးတွင် ရွှေကျောင်ချောင်းတွင် ရေအမြဲ ရှိနေမည်ဖြစ်သည်။ ထို့အပြင် စုဆောင်းရရှိထားသော ရေသယံဇာတများကို ရေအားလျှပ်စစ်စက်ရုံရှိ တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသော တာဘိုင် လေးလုံးသို့ ဖြတ်သန်းစီးဆင်းလည်ပတ်စေပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ၂၆၂ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ပေးမည့် စီမံကိန်းကြီးလည်းဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့ ရောက်ရှိခဲ့သည့် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၃ရက်တွင် စီမံကိန်းလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၉၆ ဒသမ ၇၂ ရာခိုင်နှုန်းနှင့် ရေအားလျှပ်စစ်စက်တပ်ဆင်မှုအနေဖြင့် ဓာတ်အားပေးစက် အမှတ်(၄) (Unit-4) တပ်ဆင်ပြီးစီးမှုမှာ ၉၈ ရာခိုင်နှုန်းရှိပြီဖြစ်၍ ဓာတ်အားစမ်းသပ်ထုတ်လုပ်နိုင်မည့် ကာလမှာ မဝေးတော့ကြောင်း သိရှိရသည်။ ဓာတ်အားပေးစက်ရုံ၏ ကွန်ကရစ်လုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ဓာတ်အားပေးစက် အမှတ်(၃)၊ (၂)နှင့် (၁)တို့ကိုလည်း တပ်ဆင်နေပြီဖြစ်သည်။

နေညိုလာပြီ။ သို့သော် တမံအတွင်း ရေပြင်၌ အလင်းပွင့်ဆဲ။ ကြေးမုံသတင်းအဖွဲ့သည် တောင်များအလယ်မှ တောင်ရိုးငယ်တစ်ခုနှင့်တူသည့် ပင်မတမံကို လှည့်လည်လေ့လာခဲ့သည်။ စိမ်းမြသော ရေလယ်၌ မတ်မတ်မားမားရှိသည့် ရေယူအဆောက်အအုံ၊ တစ်ဖက်တမံအောက်ခြေ၌ ဝပ်စင်းတည်ရှိနေသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်အဆောက်အအုံများကို အစီအရီ တွေ့ရသည်။

တမံ၏ တစ်ဖက်ကမ်းအရောက်တွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးဟိန်းထက်က ကြေးမုံသတင်းအဖွဲ့ကို နှုတ်ဆက်စကားဆိုရင်း ဤစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းသည် ဒေသတည်ငြိမ်အေးချမ်းမှု၏ ရလဒ်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဒေသခံတို့ ဝင်ရောက်တာဝန်ထမ်းဆောင်မှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဆောင်ယူပေးနိုင်ခဲ့သလို၊ စီမံကိန်းပြီးစီးပါက ရွှေကျောင်နှင့် မဒေါက်ဒေသများသို့ပါ လျှပ်စစ်ဓာတ်အား အလုံအလောက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ပါ၏။

ကြေးမုံသတင်းအဖွဲ့သည် တာဝန်ရှိ သူတို့ကို နှုတ်ဆက်ကာ ရွှေကျောင်မြို့ဆီ ခရီးဆက်ကြသည်။ စီမံကိန်းမှ အထွက် လမ်းတစ်ဖက် ရော်ဘာတောအစပ်တွင် ၂၃၀ KV သံမဏိဓာတ်အားတိုင်ကြီးများကို မျက်စိတစ်ဆုံး တွေ့ရသည်။

မကြာတော့သော ကာလတွင် ရွှေကျောင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာတော့မည့် လျှပ်စစ်ဓာတ်အားများကို ပြည်ထောင်စုတစ်ဝန်းသို့ သယ်ဆောင်ဖြန့်ဖြူးရန် အသင့်အနေအထားရှိနေပေပြီ။ လမ်းအချိုးတစ်နေရာ၌ ငှက်ငယ်တစ်အုပ် ဆိုင်ကယ်သံကြောင့် ရုတ်တရက်ထပျံသွားကြ၏။ ဆိုင်ကယ်မောင်းသူက "ချိုး"တွေဟု ဆိုသည်။ ငြိမ်းချမ်းရေး၏သင်္ကေတ "ချိုး"ငှက်များ။ နေဝင်ရီတရောတွင် အနောက်ဘက်ကောင်းကင်၌ ထူးထူးခြားခြား တိမ်ရောင်စုံတွေ တောက်ပနေ၏။ ။

ရေတံခါးလေးပေါက်ပါ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

တမံအတွင်း ရေပြင်ဝယ် မတ်မတ်မားမား တည်ရှိနေသည့် ရေယူအဆောက်အအုံကို ဤသို့ တွေ့ရစဉ်။

ရေအားလျှပ်စစ်စက်ရုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



စက်တပ်ဆင်မှု ၉၈ ရာခိုင်နှုန်း ပြီးစီးနေသည့် ရေအားလျှပ်စစ်ထုတ်စက်အမှတ်(၄)။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "အစွမ်းထက်သောပရိတ်များ" တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၆:၄၀ ကံကူထွင့်ခေါင်ပိတ်ချင်းမြောင်
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၁)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၈)**
- ၈:၃၅ Activities In The City (ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မဟာကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ)
- ၈:၅၀ HIV/AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး(အပိုင်း-၁) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
- ၉:၂၀ Activities In The City (မဟာသုခဝံသရရုပ်ရှင်တော်မြတ် ဗုဒ္ဓဘိသေကအနေကဇာတင်နှင့် ကထိန်အလှူတော်မင်္ဂလာ)
- ၉:၃၀ အားကစားမြင်ကွင်းစုံ
- ၉:၅၀ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
- ၁၀:၁၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၀:၄၅ ဓာတ်ပုံထဲမှအမှတ်တရများ (ဝေလျှံ)
- ၁၁:၁၀ သင်ယူလေ့လာဂီတပညာ (Audio Engineering Module 03; Basic Multi Track Recording) (Part-2)
- ၁၁:၃၅ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ကြံခင်းမြို့တွင်းကွင်းဆင်း ဆေးကုသခြင်းအစီအစဉ်
- ၁၂:၂၀ Make In A Dellcious Way (Indonesia မှစွဲမက်ဖွယ်ရာ အစားအစာများ)
- ၁၂:၅၀ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၄)စံပြရပ်ကွက် မိသားစုများ၏ဒသမအကြိမ် မြောက်နိဗ္ဗာန်ဈေးပွဲတော်
- ၁:၀၀ "အစွမ်းထက်သောပရိတ်များ" တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း (မြို့မှာနေတာကောင်းတယ်၊ တောမှာနေတာကောင်းတယ်)
- ၃:၀၅ နေသားတကျအရေပြားအလှ "ဝက်ခြံနဲ့အရေးအကြောင်းကင်းတဲ့ ချစ်စရာမျက်နှာ"
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၁)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၈)**
- ၄:၄၀ ဂီတနက်သန်ကိုစောငြိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၂)
- ၅:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Luminare 2011 New Design Show Case)
- ၅:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (Gallant Train Centre)
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၂)**
- ၇:၂၀ Cartoon Show Time (Happy Feet)
- ၇:၄၅ ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (Horizon International Kindergarten Shwe Hinn Thar Campus)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ မြန်မာ-ကိုရီးယား ချစ်ကြည်မှု အနုပညာ
- ၈:၅၅ Celebrity Style (သဥ္ဇာနွယ်ဝင်း)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၉)**
- ၁၀:၀၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းကသဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
- ၁၀:၃၅ အထူးကုများအစီအစဉ် (ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါများ)
- ၁၁:၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာကောင်းမြတ်)
- ၁၁:၂၀ လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
- ၁၁:၃၅ အလှဆင်စရာပရိဘောဂကမ္ဘာ (တော်ဝင်မိသားစုပရိဘောဂ အရောင်းပြခန်း)
- ၁၁:၄၅ Celebrity Profile (Lee Byaung Hun)
- ၁၂:၃၀ လင်းလက်တောက်ပ ပြုံးပန်းလှလှ
- ၁၂:၄၀ အဆင့်မီရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
- ၁၂:၅၀ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၁:၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (7 Colour Fancy Shop)
- ၁:၃၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး)
- ၁:၄၅ Shooting Location (မစန္ဒာအိမ်)
- ၂:၀၀ ကုန်ထုတ်အစွမ်းနှင့်ပန်း
- ၂:၂၀ World of Knowledge (Ancient Megastrucrtues; Pyramid)
- ၃:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၁၀ စက်မှုစီးပွားထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှု နည်းစနစ်များ)
- ၄:၃၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
- ၅:၀၀ အစီအစဉ်ပြီး။

ဝန်ကြီး ဦးသိန်းအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၃၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Marian Palace ရှိ Great Hall ၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပပြီး ကျားမျိုးစိတ်များ ကျန်ရှိကျက်စားနေသေးသော ရုရှား၊ မြန်မာ၊ လာအို၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဘူတန်နှင့် ဗီယက်နမ်နိုင်ငံ စုစုပေါင်း ၁၃ နိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်၊ UNEP၊ WCS (Wildlife Conservation Society)၊ GEF (Global Environment Facility)၊ CITES (Convention on International Trade in Endangered Species of Wild Fauna and Flora) နှင့် IUCN (International Union for Conservation of Nature)စသည့် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး Mr. Yuri Trutnev က အဖွင့်အမှာစကား ပြောကြားပြီး ဝန်ကြီး ဦးသိန်းအောင်က မြန်မာနိုင်ငံတွင် ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။ မြန်မာနိုင်ငံမှ ဇီဝမျိုးစုံမျိုးကွဲများ၊ အထူးသဖြင့် ဟူးကောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ကျားထိန်းသိမ်းရေး ဆောင်ရွက်နေမှုကို ပြသသော ပြခန်းတစ်ခု ခင်းကျင်းပြသခဲ့သည်။

အဆိုပါ ညီလာခံတွင် တက်ရောက်လာကြသူများက ကမ္ဘာပေါ်တွင် ကျားကောင်ရေပြန်လည် တိုးပွားလာရေး အစီအစဉ်ကို တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြသည်။

ဝန်ကြီး ဦးသိန်းအောင်သည် ရုရှားနိုင်ငံ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး Mr. Yuri Trutnev က ညပိုင်းတွင် The Catherine Palace ၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၂ ရက် ညီလာခံ ဒုတိယနေ့တွင် ဝန်ကြီး ဦးသိန်းအောင်က ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး အကောင်းဆုံးနည်းလမ်းများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲအစီအစဉ်တွင် ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဝန်ကြီးများနှင့်အတူ အစည်းအဝေး သဘာပတိအဖြစ် လည်းကောင်း၊ ညီလာခံဒုတိယနေ့ မွန်းလွဲပိုင်း အစီအစဉ်ဖြစ်သော Parallel Session 1-Valuation of Tiger Habitats and Ecosystems တွင် အစည်းအဝေး ဒုတိယသဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ညပိုင်းတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ် မြို့တော်ဝန် Mrs. Valentina Matvvienko က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံကို နိုဝင်ဘာ ၂၃ ရက်တွင် စိန့်ပီတာစဘတ်မြို့ Konstantinovsky Palace ၌ ကျင်းပရာ အဆိုပါညီလာခံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဗလာဒီမာပူတင်၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကြားပေါင်၊ ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် Sheikh Hasina၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် Mr. Madhavkumar၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် Mr. Bouasone Bouphavanh နှင့် ကျားမျိုးစိတ်များ ကျန်ရှိကျက်စားနေသေးသော ၁၃ နိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဗလာဒီမာပူတင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဝန်ကြီးချုပ်များက အမှာစကား ပြောကြားကြကာ ညီလာခံကို ဖွင့်လှစ်ခဲ့သည်။ ယင်းညီလာခံမှ ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး စိန့်ပီတာစဘတ်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးသည် ညပိုင်းတွင် Mikhailovsky Theater ၌ ပြုလုပ်သော Help the Tiger ဖျော်ဖြေရေးအစီအစဉ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဗလာဒီမာပူတင်က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ယင်းညီလာခံကာလအတွင်း တက်ရောက်လာကြသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အထူးသဖြင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ GEF မှ Chief Executive Officer Ms. Monique Barbut, WCS-USA မှ Executive Vice President Mr. John Robinson နှင့် Cites မှ Secretary General Mr. John Scanlon စသော ပုဂ္ဂိုလ်တို့နှင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ထိုင်းလေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။ ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော သစ်တောရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်း၊ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဒေါက်တာစန်းဝင်းနှင့် ဦးဝင်းနိုင်သော်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေနံ အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Petroleum Engineering Technical Division က ကြီးမှူးကျင်းပသော ရေနံပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ၄ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေနံပညာရပ်ဆိုင်ရာ ဟောပြောပွဲတွင် ဦးကျော်ဇေယျ B.E (P.E) YTU.Executive. Field Engineer [Petronas Carigali (H.K) Myanmar Ltd.] က "Oil Well Management By Echometer Well Analyzer" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ အသင်းဝင်များ မျိုးဆက်သစ် အင်ဂျင်နီယာများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ သင်ကြားပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

Santini International Training Academy မှ ပြည်တွင်း ပြည်ပရှိ အဆင့်မြင့်ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ Shopping Mall များနှင့် အပျော်စီးသင်္ဘောများတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်း ဆိုင်ရာသင်တန်းများကို သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကျောင်းသည် Front Office Operation, Food & Beverage Operation နှင့် House-keeping Operation သင်တန်းများကို အခြေခံကာလတို သင်တန်းများအပြင် Management Level အဆင့်အထိ သင်ကြားပေးပြီး သင်တန်းအားလုံးမှာ American Hotel & Lodging Association မှ တိုက်ရိုက်ချီးမြှင့်သည့် လက်မှတ်များ ရရှိမည်ဖြစ်သည်။ TRAC (Hospitality Short Courses) များမှာ ဟိုတယ်လုပ်ငန်းနယ်ပယ်သို့ စတင်ဝင်ရောက်မည့်သူများအတွက် အထူးသင့်လျော်ပြီး အလုပ်သင်လုပ်ငန်းခွင် (On Job Training) များပါ ပါဝင်သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ကိုပါ ရရှိစေမည်ဖြစ်သည်။ Management Level သင်တန်းများမှာ အတွေ့အကြုံ တစ်နှစ်နှင့် အထက်ရှိသူများ(သို့) TRAC (Hospitality Short Courses) ပြီးဆုံး၍ Certificate ရရှိပြီးသူများ တက်ရောက်နိုင်ပြီး ဝင်ခွင့်အင်္ဂလိပ်စာ ဖြေဆိုရမည်ဖြစ်သည်။ တစ်နှစ်လျှင် ဝင်ခွင့် သုံးကြိမ်ရှိ၍ သင်တန်းကာလမှာ လေးလကြာမြင့်မည် ဖြစ်သည်။

ယင်း Management Level ဝင်ခွင့်စာမေးပွဲမှာ ဒီဇင်ဘာနောက်ဆုံးပတ်တွင် ဖြေဆိုရမည်ဖြစ်ပြီး ထူးချွန်စွာ ဖြေဆိုနိုင်သူ ၁၅ ဦးကို ၂၀ရာခိုင်နှုန်း Discount (Scholarship) ပေးအပ်မည်ဖြစ်သည်။

Diploma သင်တန်းများအနေဖြင့် အင်္ဂလန်နိုင်ငံ City & Guilds အသိအမှတ်ပြု ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းများအတွက် လူဦးရေကန့်သတ်ထားသည်။ နိုင်ငံရပ်ခြားတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျောင်းတက်မည့် သူများ၊ ပြည်တွင်း ပြည်ပ၌ ဟိုတယ်အလုပ်ရရှိစေရန် ကြိုတင်ပြင်ဆင်ထားသူများ ကြိုတင်စာရင်းပေး၍ အခမဲ့အကြံဉာဏ်များ ရယူနိုင်သည်။ အသေးစိတ် သိရှိလိုပါက အမှတ်(၁၇၀/၁၇၆) နယူးရောဟိုတယ် ပထမထပ် (အာလာဒင်ဂိမ်းစင်တာအနီး) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၃၇၃၉ နှင့် ၃၈၃၇၄၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာအားကစားအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပခဲ့သော ၂၀၁၀ ခုနှစ် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင် ခေါင်းဆောင်သည့် မြန်မာအားကစားအဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါ အောင်ပွဲရ အားကစားသမားများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယကကြီးများနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းနှင့် လှေလှော်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အားကစားသမားများ၏ မိဘဆွေမျိုးများ၊ အားကစားဝါသနာရှင်များ၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ပန်းစည်းများ ဆက်၍ လည်းကောင်း၊ လက်များ ဝှေ့ယမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ်အကများဖြင့် လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ အားကစားအဖွဲ့တွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရရှိကြသော ပိုက်ကျော်ခြင်းအားကစားသမားများနှင့် ငွေတံဆိပ်ဆုရရှိကြသော လှေလှော်အားကစားသမားများ ပြန်လည်လိုက်ပါလာကြသည်။ မြန်မာအားကစားအဖွဲ့သည် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဘိလိယက်၊ အလေးမ၊ ဝူရှူး၊ ရေကူး၊ သေနတ်ပစ်၊ ဘော်လီဘော၊ လှေလှော်၊ မြားပစ်၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်း ၁၀ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆု နှစ်ဆု၊ ငွေတံဆိပ်ဆု ငါးဆု၊ ကြေးတံဆိပ်ဆု သုံးဆု စုစုပေါင်း ဆုတံဆိပ် ၁၀ ဆုကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် ၂၂ ရရှိခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ခု ဆွတ်ခူးရရှိခဲ့သော ပိုက်ကျော်ခြင်းအားကစားအဖွဲ့နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော မြို့မဈေးမီးသတ်ရေကန် တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ ကာကွယ်ရေးဝန်ကြီးဌာနမှ စခန်းမှူးရုံးအသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ၁၆ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ တပ်မတော်(ရေ) အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."
"Avoid Stigma & Discrimination: Towards Universal Access."

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

အံ့ဩဖွယ်ရလဒ်ပေါ်ထွက်ခဲ့သည့် ဘာစီလိုနာ-ရီးယဲလ်ပွဲ ဘာစီလိုနာကို ယှဉ်ကစားနိုင်စွမ်းမရှိကြောင်း မော်ရင်ဟိုဝန်ခံ

ဘာစီလိုနာ နိုဝင်ဘာ ၃၀

စပိန်လာလီဂါပွဲစဉ်(၁၃) လက်ကျန်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ နူးကွမ့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဘာစီလိုနာက အကောင်းဆုံးခြေစွမ်းပြကာ ရီးယဲလ်မက်ဒရစ်ကို ငါးဂိုးပြတ်သွင်းပြီး အံ့ဩဖွယ်ရလဒ် ပေါ်ထွက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

ပါဝင်ကစား

အိမ်ရှင် ဘာစီလိုနာအသင်းတွင် ဗဲလ်ဒစ်၊ ပူယိုး၊ ပီကေး၊ အဘီဒယ်၊ အဲလ်ဗစ်၊ ဘတ်ကွက်စ်၊ အင်နီယေစတာ၊ ဇာဗီ(ကီတာ)၊ ပက်ဒရို(ဂျက်ဖရင်ဆွာရက်စ်)၊ ဒေးဗစ်ဗီလာ(ဘိုဂျန်ကာကစ်)နှင့် မက်စီတို့ပါဝင် ကစားခဲ့သည်။ ဧည့်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင်မူ ကာဆီးလက်စ်၊ ကာဗယ်ဟို၊ ပီပီ၊ မာဆယ်လို(အဘီလိုအာ)၊ ရာမို့စ်၊ အလွန်ဆို၊ ခီဒီယာ၊ ဘန်ဇီမာ၊ အိုဇေးလ်(ဒီယာနာ)၊ ဒီမာရီယာနှင့် စီရော်နယ်လ်ဒိုတို့ ပါဝင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု ၆၄ ရာခိုင်နှုန်းအထိ အသာစီးရယူခဲ့ပြီး တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့သည်။ ယခုပွဲတွင် ဘာစီလိုနာအသင်း၏ ဘောလုံးပေးပို့မှုမှာ အကြိမ် ၆၀၀ ကျော် အောင်မြင်မှုရှိခဲ့ပြီး ကလေးနှင့် လူကြီး ကစားခဲ့သည့်ပွဲဟု မီဒီယာအချို့က သုံးသပ်ကြသည်။ ဘာစီလိုနာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် အင်နီယေစတာ၏ ဖန်တီးပေးမှုမှ ဇာဗီက ဂိုးသမားကို ကျော်၍ သွင်းယူပေးခဲ့

ဘာစီလိုနာအတွက် နှစ်ဂိုးသွင်းပေးခဲ့သည့် ဒေးဗစ်ဗီလာ။

သည်။ ပွဲချိန် ၁၈ မိနစ်တွင် ဒေးဗစ်ဗီလာ၏ဖြတ်တင်ဘောကို ပက်ဒရိုက ပိတ်သွင်း၍ ဒုတိယဂိုး၊ ၅၅ မိနစ်နှင့် ၅၈ မိနစ်တို့တွင် မက်ဆီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒေးဗစ်ဗီလာက တတိယဂိုးနှင့် စတုတ္ထဂိုး၊ ပဉ္စမမြောက်ဂိုးကို ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို တစ်မိနစ်တွင် ဘိုဂျန်ကာကစ်၏ ဖန်တီးပေးမှုကို ဂျက်ဖရင်ဆွာရက်စ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲသည် ပြိုင်ဆိုင်မှုပြင်းထန်သည့်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ဘာစီလိုနာအသင်းမှ ဒေးဗစ်ဗီလာ၊ ပူယိုး၊ မက်ဆီနှင့် ဇာဗီတို့ အဝါကတ်ပြစ်ဒဏ်ထိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှ စီရော်နယ်လ်ဒို၊ ပီပီ၊ အလွန်ဆို၊ ကာဆီးလက်စ်၊ ကာဗယ်ဟိုနှင့် ခီဒီယာတို့ အဝါကတ်ပြစ်ဒဏ်ထိခဲ့ကာ နောက်ခံကစားသမား ရာမို့စ်မှာ ပူယိုး၏လည်ပင်းကို တွန်းထိုးခဲ့၍နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ဘာစီလိုနာအသင်းသည် ယခုပွဲအနိုင်ရခဲ့ခြင်းကြောင့် ပွဲစဉ်(၁၃)အပြီးတွင် ရီးယဲလ်မက်ဒရစ်ကို နှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုက ယခုပွဲအရှုံးနှင့် ပတ်သတ်၍ မိမိတို့အသင်းမှာ ဘာစီလိုနာအသင်းကို မည်သို့မှ ယှဉ်ပြိုင်ကစားနိုင်စွမ်း မရှိခဲ့ကြောင်း ဝန်ခံစကားဆိုခဲ့သည်။

အင်တာနက်။

ချယ်လ်ဆီးနှင့် မန်စီးတီး ဒေးဗစ်လုဇ်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်း

လန်ဒန် နိုဝင်ဘာ ၃၀

အင်္ဂလိပ်ပရီမီယာလိဂ်ကလပ်များ ဖြစ်ကြသည့် ချယ်လ်ဆီးနှင့် မန်စီးတီးတို့သည် ဘင်ဖီကာအသင်းမှ ဘရာဇီးကစားသမား ဒေးဗစ်လုဇ်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းလာကြကြောင်း သိရသည်။

၎င်းတို့နှစ်သင်း၏ နောက်တန်းကစားသမားများမှာ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရခြင်းကြောင့် ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် ဘင်ဖီကာအသင်း၏ နောက်ခံကစားသမား ဒေးဗစ်လုဇ်ကို ခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ အသက်(၂၃)နှစ်ရှိ ဒေးဗစ်လုဇ်သည် နောက်တန်း ဗဟိုခံစစ်ကစားသမားဖြစ်သော်လည်း ဘယ်နောက်ခံလူနေရာတွင်ပါ ကျွမ်းကျင်စွာ ကစားနိုင်သူ ဖြစ်သည်။ ချယ်လ်ဆီးအသင်းကမူ အဆိုပါကစားသမားအား လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် ခေါ်ယူမည်ဟုဆိုသည်။ ဘင်ဖီကာအသင်းက ဒေးဗစ်လုဇ်အား သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးမှာ ပေါင် ၂၅ သန်း ဖြစ်သည်ဟုဆိုသည်။

အင်တာနက်။

မန်စီးတီးအသင်း ကစားသမားအချို့အား ရောင်းချရန်ပြင်ဆင် အဒီဘာယောအား စပါးအသင်း ခေါ်ယူဖွယ်ရှိနေ

လန်ဒန် နိုဝင်ဘာ ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၁၅) အပြီးတွင် ရမှတ် ၂၆ မှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေနိုင်သည့် မန်စီးတီးအသင်းသည် အသင်းရှိ ကစားသမားအချို့ကို ရောင်းထုတ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ အဆိုပါကစားသမားများမှာ အဒီဘာယော၊ ဝိန်းဘရစ်ချ်နှင့် လက်စကော့တို့အပြင် ဂိုးသမားရှေးဂစ်ဗင်၊ ရိုက်ဖိလစ်နှင့် ဆန်တာခရုဇ်တို့လည်း ပါဝင်နေကြောင်း သိရသည်။

ပြင်ဆင်နေ

သို့သော် အဆိုပါ ကစားသမားများအတွက် ထိုက်တန်သည့် ကမ်းလှမ်းမှုမျိုး မရရှိပါက လက်လွှတ်မည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ မန်စီးတီးတိုက်စစ်မှူး အဒီဘာယောမှာ အစောပိုင်းက ဂျူဗင်တပ်စ်အသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိတော့မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယခုနောက်ပိုင်း ထွက်ပေါ်လာသည့် သတင်းများအရ အသက်(၂၆)နှစ်ရှိ တိုဂိုနိုင်ငံသား အဒီဘာယောကို တစ်ပတ်လုပ်ခ လစာပေါင် ၁၆၀၀၀၀ ဖြင့် ဗိုက်ဟတ်လိန်းသို့ ခေါ်ယူရန် စပါးအသင်းက ပြင်ဆင်နေကြောင်း သိရသည်။ အဒီဘာယော၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။

အင်တာနက်။

မန်စီးတီးမှ ထွက်ခွာတော့မည့် အဒီဘာယော။

ဝင်းတင် (ကြေးမုံ)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၅၉ လက်မနှင့် ပူတာအိုမြို့တွင် သုည ဒသမ ၃၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရာသီကုန်တွင် ဗန်ဒါးဆားနားတော့မည်

မန်ချက်စတာ နိုဝင်ဘာ ၃၀

မန်ယူအသင်း၏ မန်နေဂျာ ဖာဂူဆန်က အသင်း၏ ဝါရင့်ဂိုးသမား ဗန်ဒါဆားသည် ရာသီကုန်တွင် အနားယူတော့မည် ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

"သူ့ကို ဆုံးရှုံးရမှာ ဝမ်းနည်းစရာကောင်းပေမယ့် အသက်လေးဆယ်ကျော်လာတဲ့ ဂိုးသမားတစ်ယောက် ကြုံတွေ့လာရတော့မယ့် အခက်အခဲကို လည်း နားလည်လက်ခံပေးရပါမယ်"ဟု ဖာဂူဆန်ကပြောသည်။

ယမန်နှစ်က ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါကို ဆိုးရွားစွာခံစားခဲ့ရသော ဇနီးဖြစ်သူသည် နယ်သာလန်တွင် ထပ်မံဆေးကုသမှုခံယူရန် လိုအပ်နေသေးသည့် အခြေအနေကြောင့် ဗန်ဒါဆားအနေဖြင့် နောက်တစ်ရာသီတွင် မန်ယူအသင်းအတွက် ဆက်ကစားနိုင်ရန် မလွယ်ကူတော့ပေ။

အင်တာနက်။

ကစားသမားသစ်သုံးဦး ခေါ်ယူရေးအတွက် စပါးအသင်း ပေါင်သန်း ၅၀ အသုံးပြုမည်

လန်ဒန် နိုဝင်ဘာ ၃၀

လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် တော့တင်ဟမ် ဟော့စပါးအသင်းသည် ကစားသမားသုံးဦးအတွက် ပေါင်သန်း ၅၀ အသုံးပြုမည်ဟု သိရသည်။

ထိုကစားသမားသုံးဦးမှာ မန်စီးတီးမှ အဒီဘာယော၊ ဝက်စ်ဟမ်းမှ စကော့ပါကားနှင့် ရိုးမားနောက်ခံကစားသမား ဖိလစ်ပီမက်ဆက်တို့ ဖြစ်သည်။ စပါးအသင်းသည် ချန်ပီယံလိဂ်တွင် ရှုံးထွက် ၁၆ သင်းအဆင့်သို့ တက်ရောက်သွားပြီဖြစ်သဖြင့် ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ် စစ်မျက်နှာနှစ်ရပ်လုံးတွင် အခြေအနေကောင်းနိုင်ရန် ကစားသမားအသစ်များ ခေါ်ယူရန် လိုအပ်နေသည်။

သူတို့လည်းရောင်းမည်

ထို့အတူ ကစားသမားသစ်များ ခေါ်ယူရာတွင် ငွေကြေးပိုမိုသုံးစွဲနိုင်ရန်အတွက် အသင်းနှင့် အံမဝင်သည့် ကစားများဖြစ်သော ဘန်တလေ၊ ရော်ဘီကိန်းတို့အပြင် ပလာစီယို့စ်နှင့် ခရန်ဂျာတို့ကိုလည်း ရောင်းထုတ်ရန် ပြင်ဆင်လျက်ရှိသည်။

ယခုနှစ်ရာသီအကုန်တွင် မန်ယူအသင်းမှ အနားယူတော့မည့် ဗန်ဒါဆား။

သို့သော် မန်စီးတီးအသင်းအနေဖြင့် အဓိကပြိုင်ဘက် စပါးသို့ မည်သည့်ကစားသမားကိုမျှ ရောင်းချဖွယ်မရှိသကဲ့သို့ ဝက်စ်ဟမ်းအသင်းကလည်း ပါကားအတွက် ပြောင်းရွှေ့ကြေး အမြောက်အမြား တောင်းဆိုဖွယ်ရှိနေသည်။ မက်ဆက်ကိုလည်း စပါး၏ လန်ဒန်ပြိုင်ဘက် အာဆင်နယ်အပါအဝင် အသင်းအတော်များများက စိတ်ဝင်စားနေကြသည်။

အင်တာနက်။

ချယ်လ်ဆီးခံစစ်ကြောင်း ဖရိုဖရဲဖြစ်သည့်အပေါ် ဒရော့ဘာ ဝေဖန်ပြောဆို

လန်ဒန် နိုဝင်ဘာ ၃၀

ချယ်လ်ဆီးအသင်း၏ တိုက်စစ်မှူး ဒီဒီယာဒရော့ဘာက အသင်း၏ အခြေအနေဆိုးရွားနေမှုမှာ ဖရိုဖရဲဖြစ်နေသည့်ခံစစ်ကြောင်းကြောင့်ဟု ဖွင့်ဟအပြစ်တင်လိုက်သည်။

" အရင်က ဂိုးမပေးရတဲ့ပွဲ အတော်များများရှိခဲ့ပါတယ်။ ခုတော့ ကျွန်တော်တို့ ပွဲတိုင်းရှုံးကန်နေရပါတယ်။ ဇယားထိပ်ကို ပြန်ရောက်ဖို့ဆိုရင်တော့ တစ်ခုခု အပြောင်းအလဲ လုပ်ကိုလုပ်ရပါတော့မယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ပွဲအစပိုင်းတွင် ဂိုးပေးလိုက်ရပြီး အမြဲတမ်း နောက်မှ လိုက်ကစားနေရသည့် အခြေအနေမှာ အသင်း၏ပြဿနာတစ်ရပ်ဖြစ်သည်ဟု ၎င်းက ဝေဖန်လိုက်သည်။ ချယ်လ်ဆီးအသင်းသည် နောက်ဆုံးငါးပွဲတွင် လေးမှတ်သာရရှိပြီး မန်ယူအသင်း၏နောက် နှစ်မှတ်လျော့ဖြင့် ပရီမီယာလိဂ်ဇယား ဦးဆောင်ခွင့်ကို လက်လွှတ်လိုက်ရပြီဖြစ်သည်။

အင်တာနက်။

စိုးတင့်နိုင်

ဒဂုံတက္ကသိုလ်
(၂၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၁၀ခုနှစ်၊ မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ စက်တင်ဘာလနှင့်ဒီဇင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ B.A(Business Law),B.Sc(Engg;)ဘွဲ့၊ ပြင်ပဖြေဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး၊ ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်းတက်ရောက်ရန်ကြေညာလိုက်ပါသည်။

၁။ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၂၇-၁-၂၀၁၁)ရက်၊ ကြာသပတေးနေ့

နံနက်ပိုင်း -နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့	-	မြန်မာစာ၊ ကုန်ထုတ်ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့	-	မြန်မာစာ
မဟာသိပ္ပံဘွဲ့	-	ကုန်ထုတ်ဓာတုဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့	-	ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံ
ဝိဇ္ဇာဘွဲ့	-	မြန်မာစာ
သိပ္ပံဘွဲ့	-	ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံ
B.A(Business Law)	-	Business Law
B.Sc(Engg;)	-	Electronics, Information Technology, Chemical Technology, Gem and Gem Mining, Food Technology, Cosmetic Technology, Biotechnology

ညနေပိုင်း-မွန်းလွဲ (၂း၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	-	အင်္ဂလိပ်စာ၊ မနုဿဗေဒ
မဟာသိပ္ပံဘွဲ့	-	သတ္တဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့	-	အင်္ဂလိပ်စာ၊ မနုဿဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့	-	အဏုဇီဝဗေဒ၊ သတ္တဗေဒ
ဝိဇ္ဇာဘွဲ့	-	အင်္ဂလိပ်စာ၊ မနုဿဗေဒ
သိပ္ပံဘွဲ့	-	Biotechnology၊ အဏုဇီဝဗေဒ

အစမ်းလေ့ကျင့်ရန် (၂၂-၁-၂၀၁၁)ရက်နေ့ နံနက် ၉း၀၀ နာရီ

၂။ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၂၈-၁-၂၀၁၁)ရက်၊ သောကြာနေ့

နံနက်ပိုင်း -နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့	-	ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့	-	ပထဝီဝင်
မဟာသိပ္ပံဘွဲ့	-	ဓာတုဗေဒ၊ရူပဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့	-	ပထဝီဝင်
သိပ္ပံဂုဏ်ထူးဘွဲ့	-	ဓာတုဗေဒ၊နျူကလီယရူပဗေဒ၊ မိုးလေဝသပညာ
ဝိဇ္ဇာဘွဲ့	-	ပထဝီဝင်
သိပ္ပံဘွဲ့	-	ဓာတုဗေဒ(ခုံအမှတ်-၃ဓ-၁ မှ ၃ဓ-၂၅၀ထိ) ရူပဗေဒ(ခုံအမှတ်-၃ရပ-၁ မှ ၃ရပ-၂၀၀ထိ) နျူကလီယရူပဗေဒ

ညနေပိုင်း-မွန်းလွဲ (၂း၀၀) နာရီ

မဟာသုတေသနဘွဲ့	-	ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့	-	ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ
သိပ္ပံဂုဏ်ထူးဘွဲ့	-	ရူပဗေဒ
ဝိဇ္ဇာဘွဲ့	-	ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ
သိပ္ပံဘွဲ့	-	ဓာတုဗေဒ(ခုံအမှတ်-၃ဓ-၂၅၁မှအထက်) ရူပဗေဒ(ခုံအမှတ်-၃ရပ-၂၀၁ မှ အထက်)

အစမ်းလေ့ကျင့်ရန်(၂၂-၁-၂၀၁၁)ရက်နေ့ မွန်းလွဲ ၁း၀၀ နာရီ

၃။ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၂၉-၁-၂၀၁၁)ရက်၊ စနေနေ့

နံနက်ပိုင်း -နံနက် ၉နာရီ

မဟာသုတေသနဘွဲ့	-	ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ
မဟာသိပ္ပံဘွဲ့	-	ဘူမိဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့	-	သမိုင်း
သိပ္ပံဂုဏ်ထူးဘွဲ့	-	ဇီဝဓာတုဗေဒ
ဝိဇ္ဇာဘွဲ့	-	သမိုင်း၊ မြန်မာမှု
သိပ္ပံဘွဲ့	-	ဘူမိဗေဒ၊ဇီဝဓာတုဗေဒ

ညနေပိုင်း-မွန်းလွဲ (၂း၀၀)နာရီ

မဟာသုတေသနဘွဲ့	-	ရှေးဟောင်းသုတေသနပညာ၊ သင်္ချာ
မဟာဝိဇ္ဇာဘွဲ့	-	စိတ်ပညာ၊ ရှေးဟောင်းသုတေသနပညာ
မဟာသိပ္ပံဘွဲ့	-	သင်္ချာ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့	-	ရှေးဟောင်းသုတေသနပညာ
သိပ္ပံဂုဏ်ထူးဘွဲ့	-	သင်္ချာ
ဝိဇ္ဇာဘွဲ့	-	စိတ်ပညာ၊ ရှေးဟောင်းသုတေသနပညာ
သိပ္ပံဘွဲ့	-	သင်္ချာ

အစမ်းလေ့ကျင့်ရန်(၂၃-၁-၂၀၁၁)ရက်နေ့ နံနက် ၉း၀၀ နာရီ

၄။ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်(၃၀-၁-၂၀၁၁)ရက်၊ တနင်္ဂနွေနေ့

နံနက်ပိုင်း -နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့	-	ဥပဒေပညာ
မဟာဥပဒေဘွဲ့	-	ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့	-	သမိုင်း
ဥပဒေဘွဲ့	-	ဥပဒေပညာ
သိပ္ပံဘွဲ့	-	သတ္တဗေဒ

ညနေပိုင်း-မွန်းလွဲ(၂း၀၀)နာရီ

မဟာသုတေသနဘွဲ့	-	ရုက္ခဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့	-	အရှေ့တိုင်းပညာ
သိပ္ပံဂုဏ်ထူးဘွဲ့	-	ရုက္ခဗေဒ၊ စာရင်းအင်းပညာ
ဝိဇ္ဇာဘွဲ့	-	အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့	-	ရုက္ခဗေဒ၊ စာရင်းအင်းပညာ

အစမ်းလေ့ကျင့်ရန်(၂၃-၁-၂၀၁၁)ရက်နေ့ မွန်းလွဲ ၁း၀၀ နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို(၁၉-၁-၂၀၁၁)ရက်နေ့မှ (၂၁-၁-၂၀၁၁)ရက်နေ့ထိ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်တွင်ထုတ်ပေးပါမည်။

(လှမြင့်)
မော်ကွန်းထိန်း
ဒဂုံတက္ကသိုလ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်
(၂၂) ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ် ၂၀၁၀ ခုနှစ်၊ မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ B.A(Business Law), B.Sc (Engg;)ဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂ရက်နေ့မှ ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ လျှောက်လွှာများကို တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံမတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန စိတ်တွင် ရယူလျက်မကြာသေးမီကရိုက်ကူးထားသော ၂" × ၁ ½" အရွယ်၊ ဓာတ်ပုံ (၂)ပုံစီ (အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့် အမျိုးသားများ မြန်မာ အမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်ဖြင့်) နိုင်ငံသား စိစစ်ရေးကတ်ပြားများယူဆောင်လာ၍ ပူးတွဲလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်း သဘင်ကြေး ၁၅၀၀/ကျပ် (ကျပ်တစ်ထောင့်ငါးရာတိတိ)ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး၁၀၀၀/ကျပ် (ကျပ်တစ်ထောင် တိတိ) ပေးသွင်းကြရပါမည်။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေး များကို ဒဂုံတက္ကသိုလ်ငွေ လက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာ ရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲ စသည် တို့ကို တိကျစွာဖော်ပြရပါမည်။

လှမြင့်
မော်ကွန်းထိန်း
ဒဂုံတက္ကသိုလ်

ALL ADULTS MUST BE ABLE TO DRIVE
(NEW ASIA)
Air-con
(Normal Course)
(Short Course)

Four-skill; Speaking & Writing; IELTS

MCC Training Institute
(Yangon Campus)
MCC Training Institute (Yangon) B.Sc (Hons) Business IT
University of Greenwich
Human Resource Development Supply Chain
• Microsoft, Java, Oracle
• On-the-Job-Training
• English Proficiency (Leading to IELTS/ TOFEL)
GCE 'O' Level
(Yangon Campus)
MCC Training Institute (Yangon)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏
၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာ တက္ကသိုလ်များနှင့် အစိုးရနည်းပညာကောလိပ်/သိပ္ပံများတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	-	၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (တနင်္လာနေ့)
ကျောင်းအပ်ရန်စတင် လက်ခံမည့်ရက်	-	၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံး လက်ခံမည့်ရက်	-	၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသား/သူများအား လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	-	၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက် (တနင်္လာနေ့)
ကျောင်းအပ်ရန်စတင် လက်ခံမည့်ရက်	-	၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံး လက်ခံမည့်ရက်	-	၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသား/သူများအား လုံးဝ(လုံးဝ)လက်ခံမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်များရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အမည်ပြောင်း

တောင်ကြီးမြို့၊ ၁၄၈/၁၊ စဝ်စံထွန်းလမ်း၊ ဈေးပိုင်းရပ်နေ ဦးခွန်ညွန့်ဝေအား ယနေ့မှစ၍ ဦးခွန်မြတ်ညွန့်ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးခွန်မြတ်ညွန့်**

အမည်ပြောင်းခြင်း

ဦးနိုင်လင်း-ဒေါ်ယဉ်မျိုးနွယ်တို့၏သား လှည်းကူးလေ့ကျင့်ရေးကျောင်းမှ မောင်ခန့်ဘုန်းပြည့်နိုင်အား ယနေ့မှစ၍မောင်ကောင်းဆက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **ကောင်းဆက်နိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-တက/၇၃၀၀၈၊ ယာဉ်အမျိုးအစား-ဟွန်ဒါဒရင်း 125 ယာဉ်လက်ဝယ်ရှိသူအမည်-ဦးစိုင်းခမ်းစင်၊ မှတ်ပုံတင်အမှတ် [၁၃/မနန(နိုင်) ၀၁၉၄၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-ဈ-၇၄၂၃၊ ယာဉ်အမျိုးအစား Datsum ယာဉ်လက်ဝယ်ရှိသူအမည်-ဦးမြလွင်၊ မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၀၇၃၇၇၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အေးချမ်းသာယာမှု၏ ငွေလမင်း(သို့) ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း

သတင်းဆောင်းပါး
ဇော်မိုးသောက်
ဓာတ်ပုံ
ရွှေကျင်(ရေအား)

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း မြင်ကွင်း။

ထူးခြားသည့် ညအပူချိန်များ ၃၀-၁၁-၂၀၁၀	ဟားခါး ၂ ဒီဂရီစင်တီဂရိတ် ပင်လောင်း ၆ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၃၀ - ၁၁ - ၂၀၁၀)	ကော့သောင်း သုည ဒသမ ၅၉ လက်မ ပူတာအို သုည ဒသမ ၃၆ လက်မ

ရန်ကုန်မြို့၏မြောက်ဘက် မိုင်၁၀၀ကျော်အကွာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှ ရော်ဘာ၊ဝါး၊သစ်တောထွက်ပစ္စည်းများနှင့် ရှောက်သီးအထွက်ကောင်းမှုတို့ကြောင့် ထင်ထင်ရှားရှားရှိသည့်အပြင် သက်တမ်းနှစ်ရာကျော်လာပြီဖြစ်သည့် သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်နှင့်အတူ ယှဉ်တွဲကျော်ကြားသော မြို့ကလေးကို နိုဝင်ဘာလလယ်ပိုင်းတွင် ရောက်ခဲ့သည်။



၁၉၆၇ ခုနှစ် မူလတန်းကျောင်းသားငယ်ဘဝအထိ နေထိုင်ကြီးပြင်းခွင့်ရခဲ့သော ဇာတိမြို့ကလေး၏ အမှတ်ရဖွယ်ပုံရိပ်များက မပျက်ပြယ်သေး။ သို့သော် ဆယ်စုနှစ် လေးစုကျော်မျှသော ကာလအပိုင်းအခြားတွင် ဖြစ်ပေါ်တိုးတက်မှုအသစ်များစွာတို့ကို နဂိုရည် မပျက်သေးသော သဘာဝ ဝန်းကျင်ကိုနောက်ခံထား၍ ခပ်ပါးပါး တွေ့မြင်ရပြီဖြစ်သည်။ ထူထပ်သိပ်သည်းလာသော လူနေနှင့် ခေတ်မီဆန်းသစ်လာသော မြို့ပြဝန်းကျင်ခဲ့ထွင်မှုကို သတိမပြုဘဲ မနေနိုင်အောင်ဖြစ်ရသည်။

မြစ်ချောင်း၊ တောတောင်နှင့် ဥယျာဉ်စိုက်ခင်းတို့ဖြင့် စိမ်းချင်တိုင်းစိမ်းခဲ့သော ဤဒေသသည်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲